မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ၁၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၈)

ပဋ္ဌာနဒေသနာ တော် မင်္ဂလ မုတ္တမ်

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်ရှိ ထန်းနှစ်ပင်အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စိုက်ပျိုးမြေဧက ၅၀၀၀ ကို အကျိုးပြုမည့် သန်လျင်မြို့နယ်မှ ခရမ်းချောင်းလျှပ်စစ်ရေတင်စီမံကိန်း

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်း၏ မြေသားဖို့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိသည်။

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံချက်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ခရမ်းရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ခရမ်းချောင်းလျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ စတင်၍ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက်)

အသိပညာရှင် အတတ်ပညာရှင်များ၊ လူ့စွမ်းအားအရင်းအမြစ်များကလွှာ ပဓာနကျ အမျိုးသားရေးအသိအမြင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရန် ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကို ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ပြီး ရည်မှန်းပုံဖော် တည်ဆောက်လျက်ရှိသည်။

ဤသို့တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီး၌ ထူးချွန်ထက်မြက်သည်သာမက အမျိုးသားရေးအသိအမြင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရန် လိုပေသည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ကိုယ်ပိုင်အင်အားနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်ကျွမ်းပြီး တီထွင်အသုံးချနိုင်စွမ်း မြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်မှုမှာ အဓိကကျလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးအတွက် ခေတ်နှင့်အညီ လိုအပ်သည့်ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံ တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ ယခင်ကာလများထက်သာလွန်သည့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အဆင့်မြင့်ပညာရပ်ဆိုင်ရာများ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများရရှိပြီး မျိုးဆက်သစ်လူငယ်များကို ဆက်လက်ပြုစုပျိုးထောင်နိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာရေးကဏ္ဍ၏ရပ်တည်ချက်နှင့်စပ်လျဉ်းပြီး “ပညာရေးသည် ပညာရေးအတွက် သက်သက်(Education for the Education's Sake) မဖြစ်စေရဘဲ ပညာရေးသည် နိုင်ငံတော်အတွက် (Education for the State, Education for the Nation) ဖြစ်ရန် လိုအပ်သည်ဟုခံယူပြီး နိုင်ငံအတွက် လက်တွေ့အကျိုးရှိမည့် ပညာရေးစနစ်ဖြစ်လာအောင် ဦးတည်ဆောင်ရွက်သွားရန်” လမ်းညွှန်မှာကြားထားသည်။

အနာဂတ်ကာလအတွက် မျိုးဆက်သစ်များကို ပုံဖော်ပေးနေသည့် ဆရာ၊ ဆရာမများသည် နိုင်ငံတကာနှင့်ဒေသတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်၍ လမ်းညွှန်တည့်မတ်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားပြည်သူများ အစဉ်အမြဲထားရှိ ခံယူကြရမည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်၏ စိတ်ဓာတ်ရေးရာခံယူချက်များသည် အမျိုးသားရေးလမ်းကြောင်းပေါ်တွင် မှန်ကန်တည့်မတ်စွာ တည်ရှိနေသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ မျှော်မှန်းသည့် အနာဂတ်နိုင်ငံတော်သစ်ကို ခိုင်မာစွာ တည်ဆောက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက်လတ်မြို့နယ် သဘင်အစည်းအရုံး ရုံးအဆောက်အအုံဖွင့်ပွဲ ကျင်းပ

ကျိုက်လတ် ဇန်နဝါရီ ၁၅

ကျိုက်လတ်မြို့နယ် သဘင်အစည်းအရုံး ရုံးအဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၃ရက် နံနက် ၉နာရီက ကျိုက်လတ်မြို့ ၁၁လမ်းရှိ သဘင်အစည်းအရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ကျိုက်လတ်မြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်ရွှေ၊ ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇော်သန်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိန်လှမြိုင်၊ ဦးရဲခွေးနှင့် အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျိုက်လတ်မြို့နယ် သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစိန်ဗိုလ်ဌေးက သဘင်အစည်းအရုံးအဆောက်အအုံ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးသန်းမြင့်က ရသုံးငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိဂုံးချုပ်

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(မြန်မာနိုင်ငံသဘင်အစည်းအရုံး)

မြဝတီရုပ်မြင်သံကြား

၁၆-၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မြန်မာစာ မြန်မာစကား
၅း၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့ မင်းသမီး** (အပိုင်း-၁၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ရှင်သန်နေသောသီချင်းများ (Living Songs)
၂၀။ စိုက်ပျိုးသုတ
၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၅)

ရတနာပုံမြို့သစ်တည်ဆောက်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၁၂ရက်က ကချင်ပြည်နယ် နမ္မတီးမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် အဝေးဆက်သွယ်မှုလိုင်းများ ပိုမိုကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မိုးကောင်းမြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး အိတ်ချိန်းစက်ပစ္စည်းများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆားမှော် မိုက္ကရိုဝေ့ဗ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ ဝန်ကြီးသည် ပင်းဘောမြို့ အော်တိုအိတ်ချိန်းအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ပင်းဘောတိုက်နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ မိုးထက်ကြယ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျေးရွာစာကြည့်တိုက်အတွက် ၂၁လက်မတီဗွီနှင့် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာ အလင်းပြစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် ၂၁လက်မ တီဗွီတစ်လုံး ပေးအပ်လှူဒါန်းသည်။

အမှာစကား

ဝန်ကြီးသည် ဇန်နဝါရီ ၁၃ရက်တွင် မန္တလေးတိုင်း ရတနာပုံမြို့သစ်စီမံကိန်း၌ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ဌာနအကြီးအကဲများက ရတနာပုံမြို့သစ် စီမံကိန်းဧရိယာအတွင်း လမ်းဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရတနာပုံမြို့သစ် တည်ဆောက်နေမှုနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်နေမှုနှင့် ကုမ္ပဏီများက ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် တပင်ရွှေထီးလမ်း လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဆားလင်းကြီးမြို့နယ် ကူးတို့ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း စိုးဖြိုးကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးမျိုးအောင် ညွှန်ကြားရေးမှူး မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန အမှတ်(၂)စက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန အမှတ်(၂)စက်မှုဝန်ကြီးဌာန
(ခ)	ဒေါက်တာသန်းဝင်း ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာ ရောင်နီဦးစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာ ရောင်နီဦးစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၁ရက် ညနေ ၃ နာရီတွင် အဆိုပါစာကြည့်တိုက်နေရာ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ပန္နက်တင်ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဆားလင်းကြီးမြို့နယ် ကူးတို့ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း စိုးဖြိုးကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာဝုဓ၊ အလှူရှင် ဦးဟန်စိုးနှင့်ဇနီး ဒေါ်နုနုအေးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက စိုးဖြိုးကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စိုးဖြိုးကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ယင်းအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရွာရှည်ကျေးရွာအုပ်စုဝင်များ ဖြစ်ကြသော ရွာရှည်ကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ တုံ့ရွာမကျေးရွာစသည့် ကျေးရွာသုံးအုပ်စုတို့မှ ဒေသခံပြည်သူ ၁၈၀၀ ကျော် တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က အမှာစကားပြောကြားသည်။

ဆောက်လုပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးဟန်စိုးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အလှူရှင် ဦးဟန်စိုးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆားလင်းကြီးမြို့နယ် ပညာရေးမှူး ဦးခင်မောင်အေးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အလှူရှင် ဦးဟန်စိုးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကွန်ပျူတာငါးလုံးကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လက်ပန်တောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၇၀ နှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၂၅သိန်း စုစုပေါင်း ၉၅ သိန်း၊ ရွှေလှေကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောက်လုပ်ရန် ငွေကျပ် ၁၆ သိန်း၊ ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ် ငါးသိန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်ငါးသိန်း၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၂၅၀ နှင့် ခဲတံများ၊ ကူးတို့ကုန်းကျေးရွာမှ ကျောင်းသားကျောင်းသူများအတွက် လွယ်အိတ် ၅၇လုံး၊ စစ်ကိုင်းတိုင်း နာဂပွဲတော်အတွက် မန္တလေးမြို့ ဦးပြည့်ဖြိုးအောင် မိသားစုက ငွေကျပ်ငါးသိန်း၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ဦးစောလွင် မိသားစုက ငွေကျပ်ငါးသိန်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်ငါးသိန်း၊ လက်ပန်တောင်းရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ဦးဇော်မင်းဦး မိသားစုက ငွေကျပ်ငါးသိန်း၊ လက်ပန်တောင်းကျေးရွာ ရောင်နီဦးစာကြည့်တိုက်အတွက် လက်ပန်တောင်းကျေးရွာအုပ်စု ပြည်သူများလှူဒါန်းငွေကျပ်သိန်း ၃၀၊ ရွှေလှေကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန် ဦးသန်းငွေ မိသားစုက ငွေကျပ် သုံးသိန်း၊ ရွှေလှေကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ဦးဇော်နိုင် မိသားစုက ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပလောင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်နိုင်ရန် အလှူငွေကျပ် လေးသိန်း၊ ကူးတို့ကုန်းကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ်လေးသိန်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပလောင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်လေးသိန်း၊ ကူးတို့ကုန်းကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ်လေးသိန်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ်အတွဲ(၆)၊ အမှတ်(၂)ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂)ကို ဇန်နဝါရီ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။**(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် အညာဒေသစိုက်ခင်းပျိုးခင်းများ စိမ်းလန်းတော့မည်၊ စိုက်ပျိုးမွေးမြူရေး၏ ခေတ်သစ်အကျိုးဆက်များ၊ မိုးကြိုးချည်မျှင်ရှည်ဝါ အထွက်တိုးအောင်၊ သဘာဝမြေဩဇာအတွက် တီကျစ်စာမြေဆွေးကိုသုံးကြပါစို့၊ ရှေ့ပြေး သီးနှံပင်များစိုက်ပျိုးခြင်းစသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ပြည်ပဝင်ငွေရရှိသည့် ငါးပတ်မွေးမြူရေး၊ ဝက်ဝမ်းချုပ်ရောဂါဖြစ်လျှင်၊ ဘဲငယ်လေးများပြုစုစောင့်ရှောက်နည်း၊ အပင်နှင့် တိရစ္ဆာန်များကို နစ်နာပျက်စီးစေရန် အကြံဖြင့်ဖျက်ဆီးလျှင် အရေးယူခြင်းခံရမည်စသည့် မွေးမြူရေးသတင်းဆောင်းပါးများ၊ ဝမ်းကိုက်ရောဂါအကြောင်း သိကောင်းစရာ၊ ကျန်းမာရေးအတွက် အကျိုးပြုဆေးဖက်ဝင် ထောပတ်သီး၊ ကြက်သွန်နီစားသုံးခြင်းဖြင့် အအေးမိခြင်းကို ကာကွယ်နိုင်၊ ကိုယ့်ဒူးကို ချစ်တတ်ညှာတတ် မွေးတတ်ပါစေ၊ ခွေးရူးရောဂါအန္တရာယ်မှ ကင်းဝေးစေရန်စသည့် ကျန်းမာရေးဆောင်းပါးများ၊ တစ်ခုသော စာပေစကားဝိုင်းမှအပြန်၊ အနုပညာလက်ရာ အမြောက်ဆုံးဖြစ်သော အာနန္ဒာဘုရား၏ ဆွမ်းသပိတ်လောင်းလှူပွဲတော်၊ ပညာရဲရင့်ပွဲလယ်တင့်သူများအတွက် ပညာဒါန၊ တရုတ်နိုင်ငံ၏ အဓိက စီးပွားရေး၊ ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေ၊ ထိုင်းနိုင်ငံအကြောင်း သိကောင်းစရာစသည့် အသိပညာပေးသုတ၊ ရသ၊ ဆောင်းပါးများ၊ ချစ်လည်းချစ်တယ် အရမ်းလည်းတန်ဖိုးထားတယ်ဆိုတဲ့ သဋ္ဌာဝင့်ကျော်၊ ကိုရီးယားမင်းသမီးချော၏ ကမ္ဘာသိအောင်မြင်မှုစသည့် အနုပညာသတင်းများ၊ နိုင်ငံတကာအားကစားသတင်းများနှင့် ပန်းခရေနွမ်းမကြွေစေလိုပါ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတို အထွေထွေများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

လှိုင်လင်၊ ဟားခါးတွင်အေးမြဲအေးနေဆဲ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း၌လေပြင်းများကျရောက်နိုင်ဖွယ်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၅ရက်ကဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လှိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၁၆ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၆ရက် **(ယနေ့)** နေပြည်တော် ၊ မန္တလေးမြို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အထက(၄)သာကေတ ယခင် အလက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

သာကေတမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း (ယခင် အလက-၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာဆရာမကြီးများအား ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၈ နာရီတွင် အလင်းရောင်ကျောင်းတိုက် ၁၀/တောင်ရပ်ကွက် ၁၀၈/တောင် ဘုရားလမ်း၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ၀၉-၅၁-၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁-၇၁၃၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်ရှိ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်း၌ ဖေဖော်ဝါရီ ၁၂ရက်တွင် အာကာသတွင်းသို့ လွှတ်တင်မည့် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်အား ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားမှ ဥရောပသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ပြန်လည်စတင်တော့မည်ဟု ထုတ်ပြန်

မော်စကို ဇန်နဝါရီ ၁၅

ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဂက်ဇ်ပရွမ်သည် ဥရောပကိုဖြတ်လျက် ယူကရိန်းနိုင်ငံတစ်ဝန်း သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ပြန်လည်စတင်မည်ဟု ဇန်နဝါရီ ၁၃ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။

ဖြန့်ဖြူး

ယူကရိန်းနိုင်ငံတွင်ရှိပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗမီတာ ၇၆ဒသမ ၆သန်း ပေးပို့ဖြန့်ဖြူးနိုင်သော ဆဒ်ဇာသဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းမှ တစ်ဆင့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုကိုစတင်ရန် ဂက်ဇ်ပရွမ်ကုမ္ပဏီ၏အကြီးအကဲက သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံက ယင်းသဘာဝဓာတ်ငွေ့ကို ဘော်လ်ကန်ဒေသရှိ သဘာဝဓာတ်ငွေ့သုံးခဲ့သည့်နိုင်ငံများဖြစ်သော တူရကီနှင့် မော်လ်ဒိုဗာနိုင်ငံများသို့လည်း ပိုက်လိုင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလိမ့်မည်ဖြစ်ကြောင်း အီတာတာ့စ်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေး

ဓာတ်ငွေ့ပြန်လည်စတင်ပို့လွှတ်ရေးကို ရုရှားနိုင်ငံ သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဂက်ဇ်ပရွမ်နှင့် ယူကရိန်းနိုင်ငံ သဘာဝဓာတ်ငွေ့ကုမ္ပဏီ နက်ဖ်တိုဂက်ဇ်တို့မှ ကိုယ်စားလှယ်များအပြင် ဥရောပကော်မရှင်မှ လေ့လာသူတစ်ဦးဖြစ်သူ မိုက်ကယ်ဟူစတင်တို့ ယူကရိန်းနိုင်ငံ ဆဒ်ဇာသဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်း၌ တွေ့ဆုံဆွေးနွေးသဘောတူညီခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂါဇာကမ်းမြောင်၌ အစ္စရေးတို့ ထိုးစစ်ဆင်တိုက်ခိုက်မှု ရက်ပေါင်း၂၀အတွင်း လူ ၁၀၀၀ ကျော် သေဆုံး၊ ၅၀၀၀ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၁၅

ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် အီဂျစ်နိုင်ငံက အစွမ်းကုန်ကြိုးပမ်းနေဆဲမှာပင် ဂါဇာကမ်းမြောင်ဒေသတွင် ၂၀ရက်အတွင်းသေဆုံးသည့် ပါလက်စတိုင်းဦးရေမှာ ၁၀၀၀ကျော်သွားပြီဖြစ်ကြောင်း၊ ယင်းဒေသရှိ ဆေးရုံသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၁၅ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံးသူဦးရေ၏ သုံးပုံတစ်ပုံမှာ ကလေးများဖြစ်ပြီး ယင်းတိုက်ခိုက်မှုတွင် လူ ၅၀၀၀နီးပါး ဒဏ်ရာရရှိခဲ့သည်ဟု သတင်း၌ ဆက်လက်ဖော်ပြသည်။

ဖော်ပြ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် အီဂျစ်နိုင်ငံ ပထမခြေလှမ်း၏ ကျယ်ပြန့်သော မူကြမ်းအချက်အလက်များနှင့်ပတ်သက်ပြီး ဟားမတ်စ်အကြီးအကဲများက ကျေနပ်အားရမှုရှိခဲ့ကြသည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ တွက်ချက်ဖော်ပြရန် ကျန်ရှိနေသေးသည်ဟု ဆိုသည်။

ဒဏ်ရာရရှိ

အစ္စရေးစေ့စပ်ရေးသမားများသည်လည်း အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို လက်ခံဆွေးနွေးရန် ကိုင်ရိုသို့ သွားရောက်ကြမည်ဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအား တိုက်ခိုက်သည့် ရက်၂၀ တာကာလတွင် သေဆုံးသူ ပါလက်စတိုင်းဦးရေမှာ ၁၀၇၀ရှိပြီး ဒဏ်ရာရရှိသူ ၅၀၀၀ ရှိသွားပြီဖြစ်သည်။ သေဆုံးသူများ ထဲတွင် ကလေး ၃၇၅ဦး ပါဝင်ပြီး ၁၆၀၀ ဒဏ်ရာရခဲ့ကြောင်း၊ အမျိုးသမီး ၁၅၀ သေဆုံးကာ ၆၇၈ဦး ဒဏ်ရာရခဲ့ကြောင်း၊ အဘိုးအို ၁၁၈ဦးနှင့် ဆေးဘက်ဝန်ထမ်း ၁၂ဦးတို့လည်း သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဇင်ဘာဘွေ၌ ဝမ်းရောဂါဖြစ်ပွားမှု ၁၉၃၇ဦး သေဆုံး

ဟာရာရေး ဇန်နဝါရီ ၁၅

ဇင်ဘာဘွေနိုင်ငံတွင် ကာလဝမ်းရောဂါကြောင့် လူပေါင်း ၁၉၃၇ ဦး သေဆုံးပြီး ရောဂါကူးစက်သူ ၃၈၃၃၄ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဇန်နဝါရီ ၁၃ ရက်၌ ကြေညာသည်။

သမ္မတရောဘတ်မူဂါဘီနှင့် အတိုက်အခံပါတီတို့က အာဏာခွဲဝေရေးအစီအစဉ်လိပ်ခဲတည်းလည်း ဖြစ်ပွားသဖြင့် ဇင်ဘာဘွေနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်နေစဉ် ဝမ်းရောဂါများ ပြန့်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တဆူရူဂါမြို့ရှိ ၁၃နှစ်ကျော်မျှ ပိတ်ထားခဲ့ပြီး မကြာမီက ပြန်လည်ဖွင့်လှစ်လိုက်သော မွန်ဂျူးမျူကလီးယား ဓာတ်အားပေးစက်ရုံကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်ရှိ ကန်မရိန်းတပ်ဖွဲ့ဝင်များ မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု ၂၀၀၈ ခုနှစ်အတွင်း စံချိန်တင်မြင့်တက်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၅

ပြီးခဲ့သည့် ၂၀၀၈ခုနှစ်အတွင်းက အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်ရင်း ၄င်းတို့ကိုယ်၄င်းတို့ သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့ရာ ၄၁ဦး သေဆုံးခဲ့သဖြင့် ၂၀၀၇ခုနှစ်က အလားတူသေဆုံးခဲ့သည့် ၃၃ဦးထက် ပိုမိုသေဆုံးခဲ့ပြီး စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်မတ်လက ကန်နှင့်အပေါင်းပါတပ်ဖွဲ့များ အီရတ်သို့စတင်ကျူးကျော်ခဲ့စဉ်ကတည်းက ယနေ့အထိနှစ်အလိုက် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှုနှုန်းသည် ၂၀၀၈ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်က ၄င်း၏ဝက်ဘ်ဆိုဒ်တွင် ဖော်ပြသည်။

သေဆုံး

ယမန်နှစ်က မရိန်းတပ်ဖွဲ့ဝင် ၄၁ဦး ကိုယ့်ကိုယ်ကိုအဆုံးစီရင်မှုသည် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀လျှင် ၁၆ဒသမ ၈ဦး နှုန်းရှိခဲ့ကြောင်း၊ သေဆုံးသည့် မရိန်းတပ်ဖွဲ့ဝင်များမှာလည်း အသက်(၂၄)နှစ် အောက်အရွယ်များဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အပျက်အစီး

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ အပျက်အစီးများအား ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျော်ဒန်နယ်စပ်မှ ပစ်ခတ်မှု အစ္စရေးတပ်ဖွဲ့ဝင်များ တုံ့ပြန်

ဂျေရုဆလင် ဇန်နဝါရီ ၁၅

အစ္စရေးလုံခြုံရေး ကင်းလှည့်တပ်ဖွဲ့ဝင်များမှာ အစ္စရေး-ဂျော်ဒန်နယ်စပ် ဂျော်ဒန်ဘက်မှ ပစ်ခတ်မှုကို ဇန်နဝါရီ ၁၃ရက်က ခံရကြောင်း အစ္စရေးကာကွယ်ရေးတပ်(အိုင်ဒီအက်ဖ်)က ကြေညာသည်။

ထည့်သွင်းကြေညာ

အစ္စရေးလုံခြုံရေး ကင်းလှည့်တပ်ဖွဲ့ဝင်များကလည်း ဂျော်ဒန်ဘက်သို့ ပြန်လှန်ပစ်ခတ်ကြောင်း အိုင်ဒီအက်ဖ်က ထည့်သွင်းကြေညာသည်။

မည်သည့်ဘက်က စတင်ပစ်ခတ်တိုက်ခိုက်သည်ကိုမူ မသိရဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာဂျစ်စတန်ရှိ ကန်လေတပ်စခန်း အစိုးရကပိတ်ပစ်ရန်စီစဉ်နေ

ဘစ်ရှ်ကက် ဇန်နဝါရီ ၁၅

ကာဂျစ်စတန်နိုင်ငံက အမေရိကန်လေတပ်စခန်းတစ်ခုကို ပိတ်ပစ်ရန်စီစဉ်လျက်ရှိကြောင်း ကာဂျစ်စတန်သမ္မတ ဘာကီယက်ဗ်၏ အစိုးရနှင့် နီးစပ်သည့် သတင်းရပ်ကွက်က ဇန်နဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ဖွင့်လှစ်

ကာဂျစ်စတန်နိုင်ငံ၌ အမေရိကန်နိုင်ငံက ၂၀၀၁ခုနှစ်တွင် အဆိုပါလေတပ်စခန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ အိမ်နီးချင်း အာဖဂန်နစ္စတန်ကို စစ်ဆင်တိုက်ခိုက်ရေးတွင် အထောက်အကူဖြစ်စေရန် ထိုလေတပ်စခန်းကို အမေရိကန်က ဖွင့်လှစ်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဆိုသီဘီအရပ်ရှိ ပြခန်းတစ်ခုတွင် တိရစ္ဆာန်ပုံများကို တစ်ခုပေါ်တစ်ခုဆင့် ထုဆစ်ပြသထားသည့် ရုပ်တုများအား ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်ပူမြို့နယ်အတွင်း ကျောင်းဆောင်သစ် ဆောက်လုပ်မှုများ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၁၀ရက်တွင် ဧရာဝတီတိုင်း အင်ပူမြို့နယ် တစ်တီတူးကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်ပေးသည်။

ကြည့်ရှု

ဝန်ကြီးသည် ဇန်နဝါရီ ၁၁ရက်တွင် ကညွတ်ကွင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး အလျားပေ ၆၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက်မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကျွဲဇင်း အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ်အတွက် ငွေကျပ် သိန်း၂၀ ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် လိပ်ပေါင်ဆွဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်ပြုပြင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

စီစဉ်ဆောင်ရွက်

ဝန်ကြီးသည် ဇန်နဝါရီ ၁၂ရက်တွင် ပတုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အလျားပေ၈၀၊ အနံပေ၃၀ရှိ ကျောင်းဆောင်ပြုပြင်ရန်နှင့် အလျားပေ၆၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခနော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ၆၀၊ အနံပေ ၃၀ရှိပြီး ပြည်သူများ၏ လှူဒါန်းငွေကျပ် ၇၇သိန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ဓမ္မင်းကျွန်းအရှေ့ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

တည်ဆောက်

အဆိုပါ ကျောင်းသစ်သည် အလျားပေ ၆၀၊ အနံပေ၃၀ရှိပြီး ငွေကျပ် ၉၉ သိန်း အကုန်ကျခံ တည်ဆောက်ထားခြင်း ဖြစ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရေလယ်ကျွန်းကျေးရွာ၌ ရပ်မိရပ်ဖများနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ဆွေးနွေးပြီး ညနေပိုင်းတွင် ညောင်ကျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးသည် နှောကုန်း အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့် အလှူရှင်များက မျက်နှာကြက်တပ်ဆင်ရန်၊ ရေတွင်းတူးရန်နှင့် စာကြည့်တိုက်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နောက်မီး အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး တိုးချဲ့ကျောင်းဆောင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၃ရက်တွင် ဓနီးပင်ကွင်းအရှေ့ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းအတွက် အလှူငွေကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ငွေကျပ် ၈၈သိန်း အကုန်ကျခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် သက္ကယ်ပြင်(သံ)ကျေးရွာသို့ ရောက်ရှိပြီး ဝေနမြစ်ကမ်းပါးအခြေအနေကို ကြည့်ရှု၍ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်ခရိုင် တရားရုံးနှင့် ဥပဒေရုံးသစ်ဖွင့်

မူဆယ် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်တရားရုံးနှင့် ဥပဒေရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက အဆိုပါရုံး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မူဆယ်ခရိုင်တရားရုံးနှင့် မူဆယ်ခရိုင်ဥပဒေရုံး အဆောက်အအုံသစ်တို့ကို တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းနှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မူဆယ်ခရိုင် တရားရုံး အဆောက်အအုံသစ်အား တိုင်းမှူး၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်တို့က ကြည့်ရှုစစ်ဆေးကြသည်။

(ခရိုင်ပြန်/ဆက်)

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၈ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၈၆၃ ပါး၊ ပထမပြန်စာမေးပွဲတွင် ပထမကျော် အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ပါး၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၈ပါး၊ အဘိဓမ္မာဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၅ရက်၊ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါက ကြွရောက်တော်မူကြပါရန်နှင့် ဇန်နဝါရီ ၂၄ရက် ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျော့ဖုံးမှ*

ကမ္ဘာပေါ်တွင် ပထမဆုံးလည်းဖြစ်သည့် နေစွမ်းအင်သုံးသင်္ဘောကို ဂျပန်နိုင်ငံ ကိုဘေးမြို့ရှိ သင်္ဘောကျင်း၌ ရေချခဲ့ပြီး ကုန်တင်သင်္ဘောအဖြစ် စတင် အသုံးပြုနေပြီဖြစ်သည်။ ဂျပန်နိုင်ငံ နီပွန်ယူကေကေ ကုမ္ပဏီနှင့် နီပွန်ရေနံကော်ပိုရေးရှင်းတို့က ပူးတွဲတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကုန်တန်ချိန် ၆၀၀၀၀ ကျော်နိုင်သည့် ကုန်တင်သင်္ဘောလည်း ဖြစ်သည်။

ခုတ်မောင်း

အော်ရီဂါလီဒါဟု အမည်ပေးထားသော အဆိုပါ နေစွမ်းအင်သုံး ကုန်တင်သင်္ဘောတွင် မော်တော်ယာဉ်အစင်းရေ ၆၄၀၀ တင်ဆောင်နိုင်သည်။ သင်္ဘောတွင် နေရောင်ခံပြား အချပ်ပေါင်း ၃၂၈ ချပ် တပ်ဆင်ထားရာ ယင်းနေရောင်ခံပြားများမှ ရရှိသော နေစွမ်းအင်ဖြင့် သင်္ဘောအင်ဂျင်စက်များကို လည်ပတ်ခုတ်မောင်းစေခြင်း ဖြစ်သည်။

ကုန်ကျစရိတ်

ထို့အပြင် သင်္ဘောပေါ်တွင် အသုံးပြုသည့် လျှပ်စစ်အား ၄၀ ကီလိုဝပ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ နေစွမ်းအင်ခံပြားများ တပ်ဆင်သုံးစွဲမှုကြောင့် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၆၈သန်းဖြစ်ရာ လောလောဆယ်၌ ငွေကုန်ကျမှုရှိသော်လည်း ရေရှည်တွင် ကုန်ကျစရိတ် လွန်စွာနည်းပါးသွားစေကြောင်း သိရသည်။

နေစွမ်းအင်သုံး သင်္ဘောသည် ပင်လယ်နှင့် သမုဒ္ဒရာများ၏ မျက်နှာပြင်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဖြစ်တည်မှု လုံးဝကင်းစင်စေပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းစေမှုကို ထိရောက်စွာ အကျိုးပြုစေနိုင်ကြောင်း သိရသည်။

တစ်ဖန် နေစွမ်းအင် အသုံးပြုခြင်းကြောင့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက် လျှော့ချသွားနိုင်မည်ဖြစ်ပြီး ကုန်ကျငွေများလည်း လျော့ကျသွားစေမည်ဖြစ်သည်။ ယခုအသုံးပြုနေသည့် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး သင်္ဘောသည် အရှည်ပေ ၆၀၀ ခန့်ရှိပြီး တင်ဆောင်နိုင်သည့် ကုန်ပစ္စည်းတန်ချိန် အတိအကျမှာ ၆၀၂၁၃ တန်ဖြစ်သည်။

အကြီးဆုံး

နီပွန်ယူဆန်သင်္ဘော တည်ဆောက်ရေးကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် အကြီးဆုံး သင်္ဘောတည်ဆောက်ရေး လုပ်ငန်းဖြစ်ရာ လာမည့် ၂၀၁၀ပြည့်နှစ်မတိုင်မီ နေစွမ်းအင်သုံး သင်္ဘောများကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်သည်။

လျှော့ချပေး

နေစွမ်းအင်အသုံးပြုခြင်းကြောင့် ငွေကုန်ကျမှုသက်သာခြင်း၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မဖြစ်စေခြင်းနှင့် ကမ္ဘာကြီး ပူနွေးလာမှုကိုလည်း တတ်စွမ်းနိုင်သလောက် လျှော့ချပေး၍ မကြာမီကာလအတွင်း နေစွမ်းအင်သုံး သင်္ဘောများ အသုံးပြုမှု တွင်ကျယ်လာမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

● *ကျော့ဖုံးမှ*

ဆိုးကျိုး

စိတ်ဖိစီးမှုများသော ကိုယ်ဝန်ဆောင် အမျိုးသမီး ၃၀၀ကျော်အား အုပ်စုနှစ်စုခွဲပြီး လေ့လာ သုတေသနပြုခဲ့ရာ တေးဂီတနားထောင်သော ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် မွေးဖွားမှုအခက်အခဲ မရှိခြင်း၊ သားသမီးများ ကျန်းမာရေး ကောင်းမွန်ခြင်းများ ဖြစ်ထွန်းစေသော်လည်း တေးဂီတ လုံးဝနားမထောင်သော ကိုယ်ဝန်ဆောင် မိခင်များ အနေဖြင့် ဆိုးကျိုးများ ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

နားထောင်သင့်

ထို့ကြောင့် စိတ်ဖိစီးမှုများသော ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် နေ့စဉ် နာရီဝက်ခန့် တေးဂီတသံစဉ်များ နားထောင်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

The Live News ဂျာနယ် အမှတ်(၁၁၅)ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၅

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၅)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ မြန်မာစာသည် တို့စာ၊ မြင်းမူမောင်နိုင်မိုး၏ မိတ်ဆွေကောင်း၊ သူစိမ်းနှင့် ဆွေမျိုး၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၇)၊ ကိုကိုလှိုင်၏ ဂါဇာစစ်တလင်းပြင်မှ မြေစာပင်များ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၇)၊ ရှမ်းတောင်တန်းမှသည် မြို့ပတ်ရထားလိုင်းသို့၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၉)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၁၈)၊ အာရှမိုး၏ ကမ္ဘာတစ်လွှား နှင်းမုန်တိုင်းနဲ့ အအေးလှိုင်းများ ကျရောက်၊ မိုး(ပျဉ်းမနား)၏ နိုင်ငံခြား၊ ဒေါက်တာဝင်းလေး(တောင်ကြီး)၏ သွေးတွင်းအဆီလျှော့ချနိုင်ဖို့၊ သည်တစ်ဆောင်းမှာ ဥရောပသားတွေကို ခိုက်ခိုက်တုန်သွားစေတဲ့ ရုရှား-ယူကရိန်း ဓာတ်ငွေ့ရန်ပွဲ၊ တရုတ်နိုင်ငံ ဂူဟာန်မြို့တော်မှ ဟန်ဇီမြစ်ဖြတ်ရေအောက်ဥမင်၊ ၂၀၀၈ခုနှစ် ကမ္ဘာ့စီးပွားရေးကျပ်တည်းမှု ဂယက်ရိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုး(၁၀)ရပ်၊ အိုဘားမားသမ္မတကျမ်းကျိန်ပွဲအခမ်းအနား လက်မှတ်မှောင်ခိုဈေးမှာ ၁၀ ဆတက်၊ ဝင်ငွေကောင်းလှတဲ့ မက်ဒေါနားရဲ့ ဖျော်ဖြေရေးခရီးစဉ်၊ ပင်လယ်ပျော်မင်းသား (အပိုင်း ၆၅၊ ၆၆)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူနိုင်

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်၃၁၀ အခန်း၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)၊ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ (၄၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ဖျာပုံမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြပါရန်နှင့် အခမ်းအနားတွင် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ ပါရဂူဘွဲ့ရှိသူများ၏ အမည်စာရင်းများကို၂၀၀၉ခုနှစ် ဇန်နဝါရီ၂၀ရက် နောက်ဆုံးထား၍ ပေးပို့ကြပြီး လှူဒါန်းလိုသူများသည် ရဲသူရသန်းလှိုင် ဖုန်း-၂၅၀၂၃၆၊ ဦးကျင်အောင် ဖုန်း-၂၂၄၄၈၂၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း-၀၉-၅၀-၂၆၈၃၃၊ ဒေါ်မေမေလွင် ဖုန်း-၀၉-၅၁-၅၃၄၁၄နှင့် ဦးတင်ခိုင် ဖုန်း-၃၈၅၉၃၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အရှေ့တောင်အာရှနိုင်ငံအချို့၌ ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုဖြစ်စဉ်

လေ့လာစုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၁၅

အရှေ့တောင်အာရှဒေသမှ နိုင်ငံအချို့၏ ဇန်နဝါရီ ၁၅ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် လာမည့် နှစ်ရက်အတွင်း ဖြစ်ပေါ်နိုင်သော ရာသီဥတုအနေအထားကို အင်တာနက်သတင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ ၁၅ရက်က တစ်နိုင်ငံလုံးတွင် အပူချိန်မြင့်တက်မှုမရှိဘဲ အအေးဓာတ်ပိုခဲ့သည်။ တစ်နာရီလျှင် ၁၈မိုင်နှုန်းတိုက်ခတ်သော အရှေ့မြောက် လေများကြောင့် မြို့တော်မနီလာ၌ အပူချိန် ၂၈ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သည်။ တိမ်ဖြစ်ထွန်းပြီး သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ထူးခြားသော ရာသီဥတုပြောင်းလဲမှုမရှိနိုင်ဟု ဖော်ပြသည်။

စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၁၅ရက်က ပျမ်းမျှအပူချိန် ၂၄ဒီဂရီစင်တီဂရိတ်ခန့်သာရှိခဲ့ပြီး မြောက်ဘက်မှလေများ တစ်နာရီ ၁၇မိုင်နှုန်းသာ တိုက်ခတ်ခဲ့သည်။ အနည်းငယ် အအေးဓာတ်ပိုခဲ့သော်လည်း တစ်နိုင်ငံလုံး သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် အနောက်မြောက်ဘက်မှ လေများ တိုက်ခတ်နိုင်ဖွယ်ရှိသည်။

ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီ၁၅ရက်က ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ဟနွိုင်းမြို့တော်တွင် အပူအအေးမျှတနေပြီး ပုံမှန်ရာသီဥတုရှိနေခဲ့သည်။ နောက်နှစ်ရက်တွင် တစ်နိုင်ငံလုံး၌ အအေးဓာတ် အနည်းငယ်ပိုလာဖွယ်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ၁၅ရက်က တစ်နိုင်ငံလုံး၌ အအေးဓာတ် အနည်းငယ်ပိုခဲ့သည်။ တစ်နိုင်ငံလုံး၌ အနောက်မြောက်ဘက်မှ တစ်နာရီ ၁၄မိုင်နှုန်းဖြင့် လေအေးများတိုက်ခတ်ခဲ့သော်လည်း ပင်လယ်ပြင်၌ လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးခဲ့သည်။ ဂျကာတာမြို့တော်၌ အပူချိန် ၂၅ဒီဂရီစင်တီဂရိတ်ထက် မပိုခဲ့ချေ။ နောက်နှစ်ရက်အတွက် အအေးလျော့ကျဖွယ်ရှိသည်။

ဘရူနိုင်းနိုင်ငံ

ဘရူနိုင်းနိုင်ငံတွင် ဇန်နဝါရီ၁၅ရက်က တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ခန့်သာရှိခဲ့သည်။ တိမ်များဖြစ်ထွန်းခဲ့ပြီး အချို့နေရာများ၌ အအေးဓာတ်ပိုခဲ့သည်။ နောက်နှစ်ရက်အတွက် အရှေ့မြောက်အရပ်မှ လေအေးများ ပိုမို တိုက်ခတ်ဖွယ်ရှိနိုင်သည်မှအပ ထူးခြားသောရာသီဥတုမဖြစ်နိုင်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။ ။ ***ကိုးကား-အင်တာနက်***

ဟိုပန်ပြည်သူ့ဆေးရုံသို့ သွားစိုက်ခုံပေးအပ်လှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် တက်ရောက်အမှာစကားပြောကြား

ဟိုပန် ဇန်နဝါရီ ၁၅

ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် သွားစိုက်ခုံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် မွန်းလွဲ ၂နာရီက အခြေခံပညာအထက်တန်းကျောင်း စာမေဟာခန်းမ၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် တက်ရောက်သည်။

တက်ရောက်

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ဟိုပန်မြို့နယ်ရှိ ပြည်သူများအား သွားဘက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ငွေကျပ်သိန်း၂၀ ကျော်တန်ဖိုးရှိ သွားစိုက်ခုံ တစ်စုံလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သွားစိုက်ခုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဟိုပန်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး တိုင်းမှူးသည် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများအား သွားကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် သွားစိုက်ခုံ အသုံးဝင်အကျိုးရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းနောက် တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား အားပေးစကားပြောကြားပြီး ငွေသားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုတယ်/ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကျိုက်လတ်မြို့ဝင် ဧက ၁၀၀၀ စံပြစိုက်ခင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့ဝင် ဧက ၁၀၀၀ စံပြစိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း နွေစပါးစိုက်ပျိုးထားမှုနှင့် တီကောင်မွေးမြူရေးကန်၌ တီကောင်မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ် အခြေခံပညာမူလတန်းကျောင်းသစ်သို့ရောက်ရှိပြီး ဆောက်လုပ်ပြီးသည့် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ကျေးရွာအတွက် မျိုးစေ့ထုပ်များကို တာဝန်ရှိသူများအားပေးအပ်ပြီး ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ဥမှအစွမ်းထက်သော မြွေဆေးထုတ်လုပ် အန္တရာယ်ကင်းရှင်းပြီး ထုတ်လုပ်မှုစရိတ်သက်သာ မြွေကိုက်ခံရသည့် လူနာများအား စတင်စမ်းသပ်မှုပြုနေပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ၂၀၀၈ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ မြွေကိုက်ခံရခြင်းဟာ မြန်မာနိုင်ငံ၏ ဦးစားပေး ပြဿနာများတွင် တစ်ခုအဖြစ်ပါဝင်ပြီး နှစ်စဉ် မြွေကိုက်ခံရမှုကြောင့် လယ်ယာလုပ်သားများ အသက်ဆုံးရှုံးမှုများ ဖြစ်ရပါကြောင်း၊ မြွေဆိပ်ဖြေဆေးကို မြင်းသွေးရည်ကြည်မှ ထုတ်ဖော်သည်ကို အများသိပြီးဖြစ်ပါကြောင်း၊ မြန်မာတစ်ပြည်လုံးအတွက် လုံလောက်အောင် မထုတ်နိုင်သည့်အပြင် နိုင်ငံခြားမှဈေးနှုန်းကြီးမားစွာဖြင့် တင်သွင်းရသည့်အတွက် ပြည်တွင်း၌အခြားနည်းလမ်းများနှင့် ထုတ်နိုင်အောင် ကြံစည်ကြိုးစားရပါကြောင်း၊ ဆေးသုတေသနအနေဖြင့် မြွေဆိပ်သုတေသနကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကျော်ကစပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ၌ မြွေကိုက်လူနာအား အရေးပေါ်သူနာပြုစုနည်း၊ မြွေအန္တရာယ်ကာကွယ်နည်း၊ ကိုယ်တွင်း မြွေဆိပ်ပမာဏအား လွယ်ကူစွာတိုင်းတာနည်း၊ မြွေဆိပ်ဖြေဆေးကို လျှပ်စစ်ဓာတ်အား မရရှိသော အရပ်ဒေသ၌ သိုလှောင်သိမ်းဆည်းနည်း၊ မြွေဆိပ်ဖြေဆေးအား ဆိတ်သွေးရည်ကြည်မှ ထုတ်လုပ်နည်း၊ မြွေဆိပ်ဖြေဆေးအား ကြက်ဥမှ ထုတ်လုပ်နည်းတို့ကို အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ဤကဲ့သို့ အောင်မြင်ခဲ့သည့် သုတေသန လုပ်ငန်းများသည် တစ်ရက်တစ်လတစ်နှစ်ဖြင့် ဖော်ထုတ်ဆောင်ရွက်နိုင်သည် မဟုတ်၊နှစ်ရှည်လများစမ်းသပ်ရပါကြောင်း၊ ယခုနောက်ဆုံး သုတေသနပြုနေသည့် ကြက်ဥမှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေး သုတေသနကို ၂၀၀၂ ခုနှစ်ကတည်းက ကြိုးစားဆောင်ရွက်ခဲ့ရာတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အနေဖြင့် အစွမ်းထက်သော မြွေဆိပ်ဖြေဆေးကို ကြက်ဥမှ ထုတ်လုပ်နိုင်ရန် လွန်ခဲ့သော ခြောက်နှစ်တာကာလမှစ၍ သုတေသနပြုလုပ်ခဲ့ပြီး ကြွက်၊ ယုန်၊ မျောက်၊ တိရစ္ဆာန်များတွင် စမ်းသပ်သုတေသနပြုခဲ့ရာ၊ ဘေးထွက်ဆိုးကျိုးမရှိကြောင်း တွေ့ရ၍ လူတွင် ဆက်လက်စမ်းသပ် သုတေသနပြုနိုင်လျက်ရှိကြောင်း၊ ကြက်ဥမှ ထွက်ရှိသည့် မြွေဆိပ်ဖြေဆေး အာနိသင်သည် မြင်းသွေးရည်ကြည်မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးထက် အဆများစွာ ကောင်းမွန်သည့်အပြင် အန္တရာယ်လည်း ပိုမိုကင်းရှင်းပြီး ထုတ်လုပ်မှုစရိတ်ကလည်း သက်သာ၍ တိုင်းပြည်အတွက် မြွေကိုက်ခံရသည့် လူနာများအတွက် များစွာ အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်သည့် နည်းသိရုံနှင့်သုံးစွဲမှုအဆင့်ကို မရောက်သေးကြောင်း၊ အန္တရာယ်ကင်းသည့်မြွေဆိပ်ဖြေဆေးဖြစ်ရန်အတွက် အဆင့်ဆင့်စမ်းသပ်ရပါကြောင်း။

ကြက်ဥမြွေဆိပ်ဖြေဆေးသည်စမ်းသပ်မှုအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ခဲ့ရပြီး ယခုအချိန်တွင်ကွင်းဆင်းပြီး တကယ်မြွေကိုက်ခံရသည့် လူနာများအပေါ်တွင် စတင်၍ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ကျွမ်းကျင်သည့် သမားတော် သုတေသီများက စတင်စမ်းသပ်မှု ပြုနေပြီဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဆေးနှင့်ဆေးပစ္စည်းများပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပထမပိုင်း စာတမ်းဖတ်ပွဲကိုကျင်းပရာ သုတေသနစာတမ်းရှစ်စောင်ကိုလည်းကောင်း၊ မွန်းလွဲပိုင်း ဒုတိယပိုင်း စာတမ်းဖတ်ပွဲ၌ သုတေသနစာတမ်း လေးစောင်ကိုလည်းကောင်း၊ ညနေပိုင်း တတိယပိုင်း စာတမ်းဖတ်ပွဲ၌ သုတေသနစာတမ်းလေးစောင်ကိုလည်းကောင်း သုတေသီများကဖတ်ကြားရှင်းလင်းတင်သွင်းကြသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုပေးအပ်

ဒလမြို့နယ် အမက(၁၅) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ ရက်ကကျင်းပရာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပထမတန်းတွင် ပထမဆုရ မောင်ကျော်ဇင်ဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ သာကေတမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၃ရက် နံနက် ၁၀နာရီက သာကေတမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် (သဃ်န်းကျွန်း) ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က စာပေရေးရာများ ဟောပြောပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲက မန္တလေးတိုင်း မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

နှစ်ရက်ပေါင်းရိုက်ချက်

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Srixon)က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။ (ဝဲပုံ)

ရိုက်ချက်

အောင်ဆန်းဝင်း(Srixon)နှင့် မင်းနိုင်(Srixon)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ချက်စီဖြင့် ဒုတိယ၊ လှမျိုး (Srixon)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ချက်ဖြင့် တတိယ၊ စိုးကျော်နိုင် (Srixon) နှင့် ဇော်ဇင်ဝင်း (Srixon) တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၃ ချက်စီဖြင့် စတုတ္ထ လိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုလေးက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ ချက်ဖြင့် ဒုတိယလိုက်ပြီး မျိုးဝင်းအောင်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၄ ချက်ဖြင့် တတိယလိုက်နေသည်။

တာဝန်ယူ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade and Gems) Co.,Ltd. KBZ Bank Ltd. MGW Construction Ltd. Alpine Purified Drinking Water, MY Associates Co.,Ltd. Srixon, ကျားခေါင်းဘိလပ်မြေ, KM Golf Centre, ACCEL International Co.,Ltd. (Canon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေး တော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များအစည်းအဝေးကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်တင်ဌေ တက်ရောက်အမှာစကားပြောကြား

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေး တော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ အစည်းအဝေးကို ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီက ပြည်ကြီးတံခွန်မြို့နယ် မန္တလေး စက်မှုဇုန်ရှိ တော်ဝင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ဌေ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေးတင်ပြ

ထို့နောက် မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ကုမ္ပဏီ၏ အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး အစုရှယ်ယာရှင်များဖြစ်သည့် ဦးခင်မောင်ဝင်းနှင့် ဦးကျော်ဝင်းတို့က အစုရှယ်ယာ ထည့်ဝင်မှုနှင့် လုပ်ငန်းအခြေအနေများအား ဆွေးနွေးတင်ပြသည်။

ဆောင်ရွက်

မန္တလေး တော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်အနေဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်စဉ် အစုရှယ်ယာဝင် ၁၇ဦးဖြင့် စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါတွင် အစုရှယ်ယာဝင် ၅၀အထိ ထည့်ဝင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် စက်ရုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရေပိုက်ထုတ်လုပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အောင်မြင် UPVC ရေပိုက် ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိကြပြီး ရေပိုက်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် စက်ရုံအတွင်း ကုန်ကြမ်းဂိုဒေါင်နှင့် ကုန်ချောထုတ်လုပ်ပြီး ရေပိုက်များထားသည့် ဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ဖီလမ်းပေါ်ရှိ ဆည်မြောင်းရေဆိုးထုတ် ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်က မြို့တွင်းလမ်းများ အခြေပြမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

သံကူကွန်ကရစ်

အဆိုပါ တံတားသည် အကျယ်ပေ ၄၀၊ အရှည် ၂၆ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ ၂၀၀၈ခုနှစ် ဩဂုတ် ၁၉ရက်မှ စတင်ဆောင်ရွက်နေပြီး ကုန်ကျမှု တန်ဖိုးငွေကျပ် ၂၅၈သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော် ကလေးမြို့၌ ကျင်းပ

ကလေး ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း ကလေးမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကိုဇန်နဝါရီ ၁ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး အောင်စန်းချစ်၊ ခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းတို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသူ ကျောင်းသားများနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စီလိုင်စင်ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

အာရှဘောလုံးအဖွဲ့ချုပ် (AFC) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ ပူးပေါင်းဖွင့်လှစ်မည့် AFC "C" Licence ဘောလုံးနည်းပြဆရာ သင်တန်းကို ဇူလိုင် ၂၅ရက်မှစ၍ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ဘောလုံးအားကစားကို ကောင်းမွန်စွာ ကစားနိုင်သူဖြစ်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သူ ဖြစ်ကာ သင်တန်းတွင် စာတွေ့၊ လက်တွေ့နှစ်မျိုးစလုံးကို ပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။ လက်ရှိ ကလပ်အသင်းများတွင်နည်းပြတာဝန် ထမ်းဆောင်နေသူ ဖြစ်ရမည်။ သင်တန်းတက်ရောက်အောင်မြင်ပြီးပါက ကလပ်အသင်းများတွင် ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာကို ရေးနိုင်၊ ဖတ်နိုင်သူ အသက်၂၀မှ ၃၅နှစ်ကြားရှိသူများလျှောက်ထားနိုင်သည်။ တက်ရောက်လိုသူများသည် မတ် ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဌာနသို့ လျှောက်ထားနိုင်သည်။ **(မြန်မာ့အလင်း)**

ဒေသဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်စွာဆောင်ရွက် အသိပညာဗဟုသုတ တိုးတက်မြင့်မားရန် အားထုတ်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇန်နဝါရီ ၉ရက်က မုဒုံမြို့ ကျောင်းနောက်ရပ် အခြေခံပညာ မူလတန်းကျောင်း၌ စာသင်ကျောင်း ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးနေမှုကိုလည်းကောင်း၊ မုဒုံကြီး အခြေခံပညာ မူလတန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ရက်တွင် သံဖြူဇရပ်မြို့နယ် ကျုံကဒတ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျေးလက်ဒေသနေ ပြည်သူများ အသိပညာ၊ ဗဟုသုတ မြင့်မားတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ နည်းလမ်းတကျ အဆင့်မြှင့်၍ လုပ်ကိုင်ဆောင်ရွက်ကြရေးနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ကျိုက္ခမီမြို့ သီရိဇေယျခန်းမ၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတာဝန်ရှိသူများအားတွေ့ဆုံပြီး ဆားလုပ်ငန်း တိုးတက်အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး၊ အသိပညာ၊ ဗဟုသုတတိုးတက်မြင့်မားလာစေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရေးနှင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ညပိုင်းတွင် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ၌ ဆားလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံတာဝန်ရှိသူများအား လည်းကောင်း၊ မုဒုံမြို့နယ် ကလော့သော့စံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခန်းမဆောင်၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ပြည်မြို့၌ ရှောင်တခင်စစ်ဆေး

ပြည် ဇန်နဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့မှ တိုင်းဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်စိုး(၁) ဦးဆောင်သောအဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်ရင်ရင်မြ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမြတ်ဦးနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ ဝင်များ ပူးပေါင်း၍ ဇန်နဝါရီ ၁၂ရက် နံနက် ၆နာရီက ခေတ္တရာအဝေးပြေး ယာဉ်ရပ်နားစခန်းမှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထွက်ခွာမည့်ယာဉ်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှုရှိ မရှိ၊ သတ်မှတ်လိုင်စင်နှင့် မောင်းနှင်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်းရှိ မရှိ တို့ကို ရှောင်တခင်စစ်ဆေး၍ **(ယာပုံ)** ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၅၇)**

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၅

အထက(၄) သာကေတ အာစရိယပူဇော်မည်

သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ယခင် (အလက-၃)ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် (၁၀)တောင်ရပ်ကွက် ၁၀၈တောင်ဘုရားလမ်း အလင်းရောင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၅၁-၀၃၈၉၅သို့ ဆက်သွယ်နိုင်သည်။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဦးသန်းဌွေး ဖုန်း-၆၆၂၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပင်လယ်ကူးသင်္ဘောသားများ ဂေါက်သီးရိုက်ပြိုင်မည်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA)က ကြီးမှူး ကျင်းပသော ဂေါက်သီးရိုက်ဝါသနာရှင်အသင်းသားများစုပေါင်း၍ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်ငွေသော်တာဂေါက်ကွင်း၌ ဇန်နဝါရီ ၃၁ရက် နံနက် ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ကစားကြရန် ဖိတ်ခေါ်ထားသည်။

တိုင်းရင်းဆေးဆရာအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တိုင်းရင်းဆေးဆရာများအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ မြို့နယ်တိုင်းရင်း ဆေးရုံခန်းမ၌ ကျင်းပရာ မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးစံသိန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ တိုင်းရင်းဆေးဆရာ ဆရာမများ စုံညီစွာတက်ရောက် ဆွေးနွေးခဲ့ကြသည်။

လေဘေးရန်ပုံငွေဇာတ်ကား ရုံတင်ပြသမည်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေရှာဖွေရေးအဖွဲ့က ကြီးမှူးပြီး ဧရာဝတီတိုင်း လေဘေးသင့် ပြည်သူများအတွက် ရန်ပုံငွေအဖြစ်လှူဒါန်းရန် ကောလာဟလ အမည်ရှိ ဒီဗွီဒီဇာတ်ကား ဇန်နဝါရီ ၁၆ရက်တွင် ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများ၌ ရုံတင်ပြသမည်ဖြစ်သည်။

စာပေနှင့်စာနယ်ဇင်းရန်ပုံငွေ ရုပ်ရှင်ပြသမည်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ရန်ပုံငွေအဖြစ် ငါးရာ့နှစ်ဆယ့်ရှစ်မျှဉ်းပြိုင် ဒီဗွီဒီဇာတ်ကားကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲတွင် မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံ၌ အထူးပွဲပြသမည်ဖြစ်ရာ ဒါရိုက်တာထွန်းအောင်ဇော် ရိုက်ကူးပြီး လူမင်း၊ ဖိုးချစ်နှင့် ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

အလှချင်းပြိုင်မည့် ဓာတ်ပုံပြိုင်ပွဲ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ ကြီးမှူး၍ ပန်းတို့၏အလှနှင့် မြန်မာမိန်းမပျိုတို့၏အလှကို နှိုင်းယှဉ်၍ အလှချင်းပြိုင်မည့် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ဓာတ်ပုံများပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်ကို ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ခရီးရှည်စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်လိုသူများ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ဝင်ရောက်ဆင်နွှဲယှဉ်ပြိုင်နိုင်ပြီး မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ရုံး (သုဝဏ္ဏ)သို့ ဖေဖော်ဝါရီ ၂၁ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်သည်။

အယ်လ်ပိုင်းဂီတခရီး(၂၀၀၉) မန္တလေးမြို့၌ စတင်မည်

လွယ်ဟိန်းကုမ္ပဏီနှင့် အိုင်းရင်းခရေ့စ် အနုပညာထုတ်လုပ်ရေးတို့ စီစဉ်တင်ဆက်သော အယ်လ်ပိုင်းဂီတခရီး (၂၀၀၉)ကို ဇန်နဝါရီ နောက်ဆုံးပတ်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ စတင်၍တင်ဆက်မည်ဖြစ်ပြီး အဆိုပါဂီတခရီးစဉ်တွင် အနုပညာ ဂီတလောကမှ နှစ်နှစ်ကျော် ရှိုးပွဲများမဆိုခဲ့သူ အဆိုတော်လေးဖြူလည်း ပါဝင်သီဆိုမည်ဖြစ်သည်။

စာပေလောက(၅) နေရာပြောင်းရွှေ့ဖွင့်လှစ်

စာချစ်သူ စာပေဝါသနာရှင်များအတွက် လိုအပ်သည့် စာအုပ်စာပေမျိုးစုံကို ရောင်းချပေးလျက်ရှိသည့် စာပေလောက(၅) စာအုပ်အရောင်းဆိုင်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း(၃၉လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား) အမှတ်-၃၅၄သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ရာ ဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် လာရောက်ဝယ်ယူသူတိုင်းအား ဇန်နဝါရီ ၃၁ရက်အထိ ၁၀ရာခိုင်နှုန်း လျှော့၍ စာအုပ်များကို ရောင်းချပေးလျက်ရှိသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

✻ ရှေ့ဖုံးမှ

ခရမ်းချောင်း

ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာအနီး၌ ခရမ်းချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ ခရမ်းချောင်းလျှပ်စစ်ရေတင်စီမံကိန်းကို၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက်မှ စတင်၍ အကောင်အထည်ဖော်ခဲ့သည်။

"စီမံကိန်းပြီးသွားရင် မိုးစပါးနဲ့ နွေစပါးသာမက ဆောင်းသီးနှံကိုပါ စိုက်ပျိုးနိုင်မှာဖြစ်လို့ ဒေသခံတောင်သူတွေ ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်"

ဦးမင်းမင်းဇော်
ဦးစီးအရာရှိ၊ မြို့ပြ
စီမံကိန်းတာဝန်ခံ

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းသည် ရေတင်အမြင့် ၂၆ပေ၊ ရေတင်အဆင့်တစ်ဆင့်၊ ရေတင်စက်ရုံတစ်ခု၊ ရေတင်စနစ် Fixed Type၊ လက်ယာမြောင်းမကြီး ပေ ၁၃၀၀၀၊ လက်ဝဲမြောင်းမကြီး ပေ ၁၈၀၀၀၊ လက်တံမြောင်းများ ပေ ၄၂၀၀၀ ရှည်လျားပြီး တူးမြောင်းအဆောက်အအုံ ၂၆၀ ပါဝင်မည်ဖြစ်သည်။

သွယ်တန်းတပ်ဆင်

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းတွင် 40 Cusec Pump အမျိုးအစားရေစုပ်စက်မော်တာ 185 KW ငါးစုံ၊ 33 KV ရှိ ဓာတ်အားလိုင်းအရှည် ခြောက်မိုင်၊ ရေစုကန်မှ ရေငြိမ်ကန်အရောက် အလျားပေ ၁၈၀ ရှည်လျားမည့် အချင်းလက်မ ၃၀ရှိသော သံပိုက်လုံး ငါးလိုင်းသွယ်တန်းတပ်ဆင်အသုံးပြုမည်ဖြစ်သည်။

အကျိုးပြုနိုင်မည်

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်သည့် ဒဂုံတံတားအနီးရှိ ကုလားဝဲကျေးရွာနှင့် ခြောက်မိုင်ကွာဝေးသည်။ ခရမ်းချောင်းလျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားရာ စီမံကိန်းပြီးစီးပါက ကျေးရွာခုနစ်ရွာမှ ကွင်းပေါင်း ၁၂ကွင်း၊ စိုက်ပျိုးမြေဧက ၅၀၀၀ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်း၏ အကျိုးပြုဧရိယာ ဧက ၅၀၀၀အနက် ရုံးသပြေကန်ကျေးရွာမှ ဧက ၂၀၇၀၊ ပုဂံတောင်ကျေးရွာမှ ဧက ၁၀၀၊ မင်္ဂလွန်းကျေးရွာမှ ဧက ၉၀၀၊ဘော့သပြေကန်ကျေးရွာမှ ဧက ၁၃၀၀၊ ညောင်လေးပင် ကျေးရွာမှ ဧက ၃၀၀၊ ကုလားဝဲကျေးရွာမှ ဧက ၁၃၀၀နှင့် ငါးပြေမကျေးရွာမှ ဧက ၂၀၀တို့ ပါဝင်မည်ဖြစ်သည်။

တစ်ကွင်းတစ်စပ်တည်း

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းကို အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အဖွဲ့၏ အစည်းအဝေး အမှတ်(၁/၂၀၀၆)မှ အတည်ပြုချက်ရရှိပြီး တည်ဆောက်နေခြင်းဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့သော ခရမ်းရေထိန်းတံခါး၏ တစ်ကွင်းတစ်စပ်တည်း အကျိုးပြုဧက ၃၀၀၀၀အနက်မှ ပထမအဆင့်အနေဖြင့် ဧက ၅၀၀၀ကို အကျိုးပြုနိုင်ရန်ရည်ရွယ်၍ ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ခြင်းလည်း ဖြစ်သည်။

ခရမ်းချောင်းသည်ခရမ်းမြို့နယ်မှ အစပြု၍ စီးဆင်းလာပြီး ပဲခူးမြစ်အတွင်းသို့ စီးဝင်ခြင်းဖြစ်ရာ ခရမ်းရေထိန်းတံခါး မတည်ဆောက်မီက ပင်လယ်ရေငန် ဝင်ရောက်မှုကြောင့် စိုက်ပျိုးရေအတွက် အသုံးပြု၍ မရဘဲ ဖြစ်ခဲ့သည်။ ခရမ်းရေထိန်းတံခါး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် နွေရာသီတွင် ရေထိန်းတံခါးပိတ်၍ ပင်လယ်ရေငန် ဝင်ရောက်မှုကို တားဆီးပြီး ချောင်းအတွင်းမှရေကိုလည်း ပဲခူးမြစ်အတွင်းသို့ မထွက်အောင် ထိန်းချုပ်ခဲ့သည်။

ဆက်စပ်လျက်ရှိ

ခရမ်းရေထိန်းတံခါးမှ ရေတံခါးပိတ်၍ ထိန်းသိမ်းပေးသော ခရမ်းချောင်းရေကို ခရမ်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းက စိုက်ပျိုးမြေများသို့ ဖြန့်ဝေပေးရန် စီစဉ်ထားခြင်းဖြစ်ရာ ခရမ်းရေထိန်းတံခါးစီမံကိန်းနှင့် ခရမ်းချောင်း လျှပ်စစ်ရေတင် စီမံကိန်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။

ဆည်မြောင်း ဦးစီးဌာနသည် ခရမ်းရေထိန်းတံခါးနှင့် ဆက်စပ်၍ မိုးယွန်းကြီးအင်းမှ တစ်ဆင့် ခရမ်းချောင်းအတွင်းသို့ တစ်စက္ကန့်လျှင် ကုဗပေ၁၅၀၀(1500 Cusec)နှုန်းဖြင့် ရေပေးသွင်းရန်စီစဉ်ဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ် ထပ်မံရရှိပါက ခရမ်းချောင်း လျှပ်စစ်ရေတင် စီမံကိန်း၏ အကျိုးပြုဧကကိုလည်း ထပ်မံတိုးချဲ့သွားနိုင်မည် ဖြစ်သည်။

အထောက်အကူပြု

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းတာဝန်ခံ ဦးမင်းမင်းဇော် (ဦးစီးအရာရှိ၊ မြို့ပြ)က စီမံကိန်းပြီးစီးပါက အကျိုးကျေးဇူး ဖြစ်ထွန်းလာနိုင်မှုနှင့် စပ်လျဉ်း၍ "လက်ရှိဒီဒေသမှာ နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိပါဘူး။ စီမံကိန်းပြီးစီးသွားရင် မိုးစပါးနဲ့ နွေစပါးသာမက ဆောင်းသီးနှံပါ စိုက်ပျိုးနိုင်မှာဖြစ်လို့ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်မှာဖြစ်ပြီး ဒေသခံတောင်သူတွေဝင်ငွေတိုးလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်မှကျေးရွာအချို့သည်ပဲခူးမြစ်အနီးတွင်တည်ရှိသော်လည်း ပင်လယ်ရေငန်သာရရှိ၍ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် နွေရာသီတွင် အခက်အခဲရှိခဲ့ကြသည်။ နွေရာသီတွင်နွေစပါးသီးထပ်စိုက်ပျိုးနိုင်ခြင်း မရှိသကဲ့သို့ သောက်သုံးရေအတွက်လည်း ကန်ငယ်များ ပြုလုပ်ကာ အသုံးပြုကြရသည်။

ဖြန့်ဝေနိုင်မည်

ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းပြီးစီးပါက ဒေသခံ တောင်သူများအတွက် စိုက်ပျိုးရေသာမက သောက်သုံးရေကိုပါ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်းသတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေစစ်ကန်ပြုလုပ်ရန် မြေသားတူးဖော်ထားမှုကို ဤသို့ တွေ့ရသည်။

ခရမ်းမြို့နယ်မှ အစပြုစီးဆင်းကာ ပဲခူးမြစ်အတွင်းသို့ စီးဝင်သည့် ခရမ်းချောင်းကို ဤသို့ တွေ့ရသည်။

မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ

❒ ဆေးဝါးကုပါ ဆေးဆရာကို
ဝန်အရာချီးမြှင့် ထပ်ဆင့်ဂုဏ်ပြောင်
ခေတ်ကုန်းဘောင်စ ပြည်ထောင်ဂုဏ်ဝင့်
ဂုဏ်ပေါင်းတင့်လာ "ဆရာဝန်"ပါ။

❒ ခြသေ့်သုံးစီး ပေါင်းစည်းကာရံ
စပါးနှံနှစ် ပြန်လှန်ပင့်ခဲ့
ဆိုးဖွယ့်ရောဂါ တူစွာမြွေအား
ဖယ်ရှားနှိမ်ပေး ဆေးတောင်ဝှေးနှင့်
မျှော်တွေးအဓိပ္ပာယ် ကြွယ်လှသည်။

❒ ဖွဲ့အခြေခံ ဖွဲ့စိတ်သန်၍
ကေန်ခိုင်မြဲ ဖွဲ့ ဖွဲ့ ဖွဲ့ ဟု
အမြဲဆရာ့ဆရာများမှာခဲ့သည်။

❒ ဆရာ့ဆရာများ ဖွဲ့စိတ်ထားကို
ဆင့်ပွားစင်စစ် ဖွဲ့နှောင်ရစ်၍
စစ်မှန်မယွင်း ဆရာဝန်အသင်းကား
ချင်းနင်းငါးဆယ့်ငါးကြိမ်မြောက်ပြီတကား။ ။

ဒေါက်တာသန်းဦး

တရားသူကြီးချုပ် ဦးအောင်တိုး တရားစီရင်ရေးဆိုင်ရာများမှာကြား

လားရှိုး ဇန်နဝါရီ ၁၅

တရားသူကြီးချုပ် ဦးအောင်တိုးသည် ဇန်နဝါရီ၁၁ရက် နံနက်ပိုင်းက လားရှိုးမြို့၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံး၊ လားရှိုးခရိုင် တရားရုံးနှင့် လားရှိုးမြို့နယ် တရားရုံးများမှ တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်း၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်း၊ ညွှန်ကြားရေးမှူး ဦးလှအေး၊ ပြည်နယ်တရားသူကြီး ဦးကျော်နှင့် တွဲဖက်ပြည်နယ် တရားသူကြီး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးအရာရှိများ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။ ယင်းသို့တွေ့ဆုံရာတွင် တရားသူကြီးချုပ် ဦးအောင်တိုးက တရားစီရင်ရေးဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

(လားရှိုး-ကိုယ်ပွား)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပူဇော်ကန်တော့ပွဲ၊ ဂုဏ်ပြုပွဲများအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် အမည်စာရင်းပေးသွင်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ အသင်းဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဦးသာရွှေ ဖုန်း-၀၉-၅၁-၆၅၈၆၀၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅-၀၂၈၂၁၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ **ချစ်သောမြေ၊ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ အကပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ လက်ဆင့်ကမ်းပေးဂီတတေး
၄:၂၀ ၃။ မြန်မာစာ မြန်မာစကား
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (မြန်မာစာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၅:၁၅ ၇။ **ဆီးချိုသွေးချိုကာကွယ်ပါ** ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၅:၄၀ ၈။ ၂၀၀၇ ခုနှစ် စာပေဗိမာန် စာမူဆုရှင်များ၏ ပုံရိပ်များနှင့် ရင်တွင်းစကား (အပိုင်း-၂)
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၄၄)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၄)
၁၈။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ် ထန်းနှစ်ပင် အခြေခံပညာမူလတန်းကျောင်းအတွက် ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်လှစ်

ကျောက်ဆည် ဇန်နဝါရီ ၁၅

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာ အလှူရှင် စက်ရေတွင်းသစ်ဖွင့်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ကျောက်ဆည်ခရိုင် တပ်နယ်မှူး ဗိုလ်မှူးကြီးကြည်စိန်၊ တိုင်းအဆင့်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးသည်။ ရှေးဦးစွာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က စက်ရေတွင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းသည် နှစ်လက်မ စက်ရေတွင်းအမျိုးအစားဖြစ်ပြီး အနက်ပေ၂၈၀၊ တရုတ်နီ ၅×၆အင်ဂျင်အမျိုးအစားဖြစ်ပြီး တစ်နာရီဂါလန်၁၃၀၀ထွက်ရှိကြောင်းနှင့် အလှူရှင်ထည့်ဝင်ငွေကျပ် ငါးသိန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ်၁၅သိန်း စုစုပေါင်း ကျပ်သိန်း၂၀ ဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

✻ ကျောဖုံးမှ

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့၏ အရှေ့ဘက် (၁၄) မိုင်ခန့်အကွာတွင် တည်ရှိသော သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှုရပ်မှ ရေလွှဲဥမင်၊ တမံ၊ ချဉ်းကပ်ဥမင်နှင့် ရေယူဥမင်တည်ဆောက်ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်အထွက် တည်ဆောက်နေမှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြူးချောင်းရေလှောင်တမံ

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ဖြူးမြို့နယ် ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိ၍ ရှုရပ်မှ တမံအောက်ခြေကို စက်ယန္တရားများဖြင့် ရှင်းလင်းနေမှု၊ ရေသွယ်ဥမင်အဝင်ပိုင်း တူးဖော်နေမှုနှင့် ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ရေသွယ်ဥမင် အထွက်ပိုင်း တူးဖော်နေမှုနှင့် ဥမင်အဝင်ဝမှ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ အောက်ခံပိုင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်ရှိ ကွန်းချောင်းပေါ်တွင် တည်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကာ မြေသား၊ သဲ၊ ကျောက်စရစ်နှင့် ကျောက်ကြီးတို့ဖြင့် ပင်မတမံအား အပိုင်းလိုက် စက်ယန္တရားများဖြင့် တည်ဆောက်နေမှု၊ ရေသွယ်ဥမင်လိုဏ် ဖောက်လုပ်နေမှုနှင့် ဖောက်လုပ်ပြီးစီးမှု၊ ရေလျှံထိန်းစည်၊ ဖိအားမြင့် သံမဏိပိုက်လိုင်း၊ ဖိအားမြင့် ဥမင်လိုဏ် ဖောက်လုပ်ရန် ဆောင်ရွက်နေမှုနှင့် ဓာတ်အားပေးစက်ရုံ အောက်ခံပိုင်းအား စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့ ရန်ကုန်-နေပြည်တော်-မန္တလေး ကားလမ်းမဆုံရှိ ဘုရင့်နောင်ရင်ပြင်သို့ ရောက်ရှိပြီး ဘုရင့်နောင်မင်းတရားကြီးကြေးရုပ်တုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်အေးအေးမြင့်၊ တိုင်းကျန်းမာရေး ကလေးအရာရှိ ဒေါက်တာဒေါ်သက်သက်နိုင်၊ အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဦးရှိန်းလိန်းအောင်၊ သဃ်ၤန်းကျွန်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဖြူဖြူစိုးတို့ ပါဝင်သော ကျောင်းကျန်းမာရေး စစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၁၃ရက်က သဃ်ၤန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် အလက(၄)သို့ လာရောက်၍ ကျောင်းကျန်းမာရေးနှင့်ပတ်သက်ပြီး စစ်ဆေးကြရာ ၁၆/၂ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဇော်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦး၊ ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းနှင့် ဝေဒနာရှင်မိဘများက မိမိတို့အဖွဲ့ ပူးပေါင်းဆောင်ရွက် လျက်ရှိသော တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေး၊ ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်း ကျန်းမာရေးနှင့် ကျောင်းသူကျောင်းသားများအား အာဟာရဓာတ်စာ ကျွေးမွေးဖွံ့ဖြိုးကျန်းမာရေးတို့နှင့် ညီညွတ်စွာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသကြသည်။

လိုက်လံကြည့်ရှု

ထို့နောက် ကျောင်းကျန်းမာရေးစစ်ဆေးရေးအဖွဲ့သည် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးနှင့် သက်ဆိုင်သော သရုပ်ပြမှုများ၊ ရှင်းလင်းဖြေကြားမှုများနှင့် ကျောင်းကျန်းမာရေးပြခန်း၌ ကဏ္ဍစုံလင်စွာ ပြသမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ) (၁၂၁)**

သန့်ရှင်းရေးဆောင်ရွက်

ဝက်လက် ဇန်နဝါရီ ၁၅

ဝက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေးကို စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မြို့နယ် ဥက္ကဋ္ဌဦးတင်မြင့်နှင့် အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့ ကြီးကြပ် ဆောင်ရွက်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

● *ရှေ့ဖုံးမှ*

ဆက်လက်၍ သန်လျင်မြို့နယ် ဆိပ်ကြီးကျေးရွာရှိ ဆိပ်ကြီးအခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌက စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ဆက်လက်၍ သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (မေယု) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

လက်ရက်စမ်းကျေးရွာ

ဆက်လက်၍ သန်လျင်မြို့နယ် လက်ရက်စမ်းကျေးရွာအုပ်စုရှိ မြယာရိုး အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌတို့က စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အလယ်ရွာကျေးရွာ

ဆက်လက်၍ သန်လျင်မြို့နယ် အလယ်ရွာကျေးရွာရှိ အလယ်ရွာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှမ်းစု

ဆက်လက်၍ ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ရှမ်းစု အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက ပေးအပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထွန်းဖောင်ဒေးရှင်း စာပေဆုများထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွက်ရေးကို တစ်နည်းတစ်လမ်း ပါဝင် ထောက်ကူသောအားဖြင့် "**ထွန်းဖောင်ဒေးရှင်းစာပေဆု**"ဟူ၍ ၂၀၀၅ခုနှစ် မတ်လမှစပြီးဆောင်ရွက်ခဲ့သည်။ ထို့နောက် ယှဉ်ပြိုင်ရန် စာအုပ်စာမူများ ဖိတ်ခေါ်ခဲ့ပြီး တတိယအကြိမ် ချီးမြှင့်မည့် ၂၀၀၇ ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ရရှိသည့် စာအုပ်စာမူစာရင်းကို ထုတ်ပြန် ကြေညာလိုက်သည်။

စိစစ်ရွေးချယ်

ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် စာအုပ်ဆုနှင့် ယှဉ်ပြိုင်သောစာမူဆုဟူ၍ သတ်မှတ်ထားရာ ၂၀၀၇ခုနှစ်အတွင်း ထုတ်ဝေသော စာအုပ်များနှင့် စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်တင်သွင်းသော စာမူများကို ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီမှ ခန့်အပ်သော ဆုရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည်။

စာပေဆုများကို ဘာသာရပ် ၁၀မျိုးထားရှိပြီး ဘာသာရပ်တစ်မျိုးလျှင် မြန်မာစာအုပ်၊ စာမူ၊ အင်္ဂလိပ်ဘာသာစာအုပ်၊ စာမူဟူ၍ ဆုလေးမျိုးစီ သတ်မှတ်ထားရာ ၂၀၀၇ ခုနှစ်အတွက် ထုတ်ဝေသော မြန်မာစာအုပ်များထဲမှ ဆုချီးမြှင့်ရန် ရွေးချယ်ထောက်ခံရရှိသော ဘာသာရပ် ၁၀မျိုးပါဝင်သည့် စာအုပ်များမှာ သမိုင်းဘာသာရပ်အတွက် ဦးစိန်မောင်ဦးရေးသားသော "ဝိုးတဝါး သမိုင်းပုံရိပ်များ" စာအုပ်၊ အတ္ထုပ္ပတ္တိဘာသာရပ်အတွက် ယခုနှစ်တွင် အတ္ထုပ္ပတ္တိနှင့် ထေရုပ္ပတ္တိဟူ၍ ဆုနှစ်မျိုးချီးမြှင့်ရန် ဆုံးဖြတ်သဖြင့် ဦးအောင်မွန်(မြတ်ဆုမွန်) ရေးသားသော "ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဘဝဖြစ်တော်စဉ်" စာအုပ်နှင့် ဝမ်းအိုဝမ်း ကျော်ဝင်းမောင် ရေးသားသော "မြန်မာ့အာဇာနည်ခေါင်းဆောင် ဆရာကြီးဦးရာဇတ်" စာအုပ်၊ ကလေးဘာသာရပ်အတွက် ကိုကိုမောင်ရေးသားသော "ကျွန်တော့် ဖေဖေနှင့်…" စာအုပ်၊ လူငယ်ဘာသာရပ်အတွက် ကျော်ရင်မြင့် ရေးသားသော "ဘဝဇာတ်ခုံ" စာအုပ်၊ယဉ်ကျေးမှုဘာသာရပ်အတွက် ကျော်သန်းမြင့်(ဗန်းမော်) ရေးသားသော "မြန်မာ့ရုပ်ရှင် ငွေကြယ်ပွင့်တို့၏ ရုပ်ပုံလွှာများ" စာအုပ်၊ ကျန်းမာ ကြံ့ခိုင်ဘာသာရပ်အတွက် မြန်မာ့ဆေးပညာ လောကရှေ့ဆောင်ဆရာဝန်ကြီးများ စုပေါင်းရေးသားသော "ပျော်ရွှင်ကျန်းမာ ဘဝဆည်းဆာ" စာအုပ်၊ ရှေးဟောင်းကျမ်း ဘာသာရပ်အတွက် ဒေါက်တာသန်းထွန်းနှင့် ဒေါ်အုန်းကြည်တို့ တည်းဖြတ်ပြုစုသည့် "ဝက်မစွတ် ဝန်ထောက်၏နေ့စဉ်မှတ်တမ်း"(ပ+ဒု+တ) စာအုပ် သုံးအုပ်တွဲ၊ ရည်ညွှန်းကျမ်း ဘာသာရပ်အတွက် ဦးအောင်သန့် ရေးသားသော "မြန်မာ့အရေး၊ ကမ္ဘာ့အရေး၊ နိုင်ငံစုံ သံတမန်ဆက်ဆံရေး" စာအုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်အတွက် ဂျူးရေးသားသည့် "ကျွန်မချစ်သောကမ္ဘာမြေ" စာအုပ်တို့ ဖြစ်ကြသည်။

ဘာသာရပ်

၂၀၀၇ ခုနှစ်အတွက် ပါဝင်ယှဉ်ပြိုင်သော စာအုပ်အဖြစ် ထုတ်ဝေနိုင်မည့် စာမူများအလိုက် ဘာသာရပ် ၁၀မျိုး သတ်မှတ်သည့်အနက် ကလေးဘာသာရပ်အတွက် မင်းချမ်းမွန်ရေးသားသော "စံပယ်တစ်ကုံး ကြယ်တစ်ကုံး ကလေးကဗျာများ" စာမူ၊ လူငယ်ဘာသာရပ်အတွက် ကိုဇော်ငွေး (ယဉ်ကျေးမှု) ရေးသားသော "ကျန်းမာချမ်းသာပါစေ" စာမူ၊ သမိုင်းဘာသာရပ်အတွက် ငွေးဝေရေးသားသော "ပျူမြို့ပြ ယဉ်ကျေးမှုသမိုင်း" စာမူ၊ အတ္ထုပ္ပတ္တိ ဘာသာရပ်အတွက် မင်းလှမြတ်ထွေး ရေးသားသော "ဦးဗဂျိုင်(တိုးတက်ရေး ဦးစိန်)၏ သူ့ဘဝ၊သူ့စာ၊ သူ့တရား" စာမူ၊ ယဉ်ကျေးမှုဘာသာရပ်အတွက် ကိုကြီးကျော် ရေးသားသော "ကျပင်းဘုန်းကြီး မေတ္တာစာ" စာမူ၊ ရှေးဟောင်းကျမ်းဘာသာရပ်အတွက်မောင်မောင်ညွှန့်(မန်းတက္ကသိုလ်) ရေးသားသော "မြင်းခြံမြို့ဆရာကြီးဦးအေးနှင့် တိမ်မြုပ်နေသော သူ့စာပေများ" စာမူတို့ ဖြစ်ကြသည်။

အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသား ယှဉ်ပြိုင်သောစာအုပ်များအနက် သမိုင်းဘာသာရပ်အတွက် ဒေါက်တာတင်လှိုင် ဘာသာပြန်သော "Victory Into Defeat" စာအုပ်ကို ရွေးချယ်ပြီး စီးပွားရေးဘာသာရပ်အတွက် သတ်မှတ်ထားသော စာအုပ်၊ စာမူနှင့် အင်္ဂလိပ်၊ မြန်မာဘာသာရပ် အားလုံးတို့တွင် ဆုချီးမြှင့်နိုင်ခြင်းမရှိပါ။

ထပ်မံကြေညာမည်

၂၀၀၇ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်း စာပေဆုပေါင်းမှာ မြန်မာစာအုပ်ဆု၁၀ဆုနှင့် မြန်မာစာမူဆု ခြောက်ဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆုတစ်ဆုဖြစ်၍ ပေါင်း၁၇ဆုဖြစ်သည်။ စာမူဆုရရှိသူများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်။ ထွန်းဖောင်ဒေးရှင်း စာပေဆုများကို မြန်မာနိုင်ငံဘဏ်အသင်း အဆောက်အအုံတွင် ဇန်နဝါရီလအတွင်းဖိတ်ကြား၍ ကျင်းပရန် လျာထားပြီး ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်။

စာအုပ်ဆု၊ စာမူဆုရရှိသူများသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်၅၃/၆၁ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆု ကော်မတီ ဖုန်း-၀၁-၂၉၁၈၈၁သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံစီနှင့် ကိုယ်ရေးမှတ်တမ်း အချက်အလက် အထောက်အထားများပါ ပူးတွဲတင်ပြရန်ဖြစ်သည်။

ပေးပို့နိုင်

၂၀၀၈ ခုနှစ်ထုတ် စာအုပ်များနှင့် ရေးသားပြုစုထားသော စာမူများ တင်သွင်း ယှဉ်ပြိုင်လိုသော စာပေပညာရှင်များ၏ လက်ရာများကို ယခုမှစ၍ စက်တင်ဘာ၃၀ရက်အတွင်း ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီသို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလောမြို့တွင်း လမ်းများ ပြုပြင်ဆောင်ရွက်

ကလော ဇန်နဝါရီ ၁၅

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းပေါက်များ မရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ်လမ်းအား ဇန်နဝါရီ ၁၀ရက်က လမ်းပေါက်ဖာစက်အသုံးပြု၍ လမ်းများဖာထေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းနိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဤမြေကမ္ဘာ သာယာစေဖို့ လူတိုင်းပါဝင် ဆောင်ရွက်ကြပါစို့

ကမ္ဘာတစ်ဝန်း မုန်တိုင်းကျရောက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မိုးခေါင်ခြင်းစသော သဘာဝဘေးအန္တရာယ် ကျရောက်မှုများ နှစ်စဉ်တိုး၍ ဖြစ်ပေါ်နေသည်။ ပြီးခဲ့သော ၁၀စုနှစ်များအတွင်း ရေကြီးမှုနှင့် မုန်တိုင်းတိုက်ခတ်မှုမှာ ၇ ဒသမ ၄ရာခိုင်နှုန်း နှစ်စဉ်တိုးခဲ့သည်။ ၂၀၀၇ ခုနှစ်အတွင်း ဘေးအန္တရာယ်ကြုံတွေ့ရသူ ၁၉၇ သန်းရှိသည်။ ရေကြီးမှုအန္တရာယ်မှာ အများဆုံးဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၁၆၄သန်းထိ တွေ့ကြုံခံစားခဲ့ရသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဉတုပြောင်းလဲမှုများ ဖြစ်ပေါ်စေကာ ပြင်းထန်သော မုန်တိုင်းများကို ဖြစ်ပေါ်စေသည်။ မုန်တိုင်းနှင့်အတူ သမုဒ္ဒရာရေလှိုင်းကြီးများ ဖြစ်ပေါ်ရိုက်ခတ်စေသည်။ ကမ္ဘာကြီးကို ပူနွေးစေသည့် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာခြင်းကြောင့် မုန်တိုင်းများဖြစ်ပေါ်မှုနှင့် ရေကြီးမှုများ ပိုမိုဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ သမုဒ္ဒရာကြမ်းပြင်တွင် လှုပ်ခတ်သော ပြင်းထန်သည့် ငလျင်ကြောင့် ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်လာရသည်။

စက်မှုလုပ်ငန်းများက ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ မော်တော်ကားများမှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များကို ကမ္ဘာမြေပေါ်ရှိ အပင်များက ကုန်စင်အောင် စုပ်ယူနိုင်မှုမရှိခြင်းကြောင့်လည်း ကမ္ဘာကြီးပူနွေးလာရခြင်း ဖြစ်သည်။ လူတို့၏ ပယောဂကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ တောမီးလောင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လာခြင်း၊ လူဦးရေများပြားလာ၍ လူနေရပ်ဝန်းများ တိုးချဲ့လာခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်း သစ်တောများ ပြုန်းတီးပျောက်ကွယ်လျက် ရှိသည်။ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်း၊ မော်တော်ကားစီးရေ နှစ်စဉ်ထောင်သောင်းချီ၍ တိုးတက်သုံးစွဲလာခြင်းတို့ကြောင့်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုအတွင်း အဆမတန်များပြားလာလျက်ရှိရာ ကမ္ဘာကြီးမှာ ပို၍ပို၍ပူနွေးလာရသည်။

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိပ်စ်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ မီသိန်းနှင့် စီအက်ဖ်စီဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအား ဖန်လုံအိမ်သဖွယ် ကာရံထားသည်။ ကမ္ဘာကြီးပေါ်သို့ နေရောင်ခြည်ကျရောက်သည့်အခါ နေရောင်ခြည်နှင့်အတူ အပူအငွေ့များသည် ကမ္ဘာမြေမှ တစ်ဆင့် အာကာသထဲသို့ ပြန်ထွက်သွားရမည် ဖြစ်သော်လည်း ယင်းဓာတ်ငွေ့များက ဖန်လုံအိမ်သဖွယ် ကာရံထားသောကြောင့် အပူငွေ့များ ပြန်မထွက်နိုင်ဖြစ်ကာ ကမ္ဘာကြီးပူနွေးလာရခြင်း ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များ ဆက်လက်တိုးနေပါက ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ပိုမိုမြင့်တက်လာဦးမည်သာ ဖြစ်သည်။

ဖန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များသည် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းရာမှလည်းကောင်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက် စသော လူသုံးကုန်ပစ္စည်း ၁၀၀ ကျော်သုံးစွဲရာမှလည်းကောင်း ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဉတုများ ပြောင်းလဲဖြစ်ပေါ်ရာမှ သဘာဝဘေးအန္တရာယ်များ ကမ္ဘာတစ်ဝန်းတွင် ကြောက်မက်ဖွယ် ကျရောက်လျက်ရှိသည်။ လူ့အသက်ပေါင်းများစွာနှင့်အတူ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာတန်သော ပစ္စည်းပစ္စယများ ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိသည်။

လူသားတို့အား နေမှကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ထီးသဖွယ်မိုးကာပေးထားသော လေထုလွှာတစ်ခုမှာ အိုဇုန်းလွှာဖြစ်သည်။ လူ၊ တိရစ္ဆာန်များနှင့်အပင်များရှင်သန်ရေးတွင် အရေးပါသည့် အိုဇုန်းလွှာသည် အကြမ်းအားဖြင့် ကမ္ဘာ့မြေပြင်အထက်ကိုးမိုင်မှ ၁၉မိုင် အမြင့်တွင် တည်ရှိသည်။ ခရမ်းလွန်ရောင်ခြည်သင့်လျှင် လူသား၊ အပင်နှင့် တိရစ္ဆာန်များကို ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။ လူတို့တွင် အရေပြားရောဂါ၊ မျက်စိအတွင်း တိမ်ရောဂါ၊ ကင်ဆာရောဂါများဖြစ်ပွားနှုန်း မြင့်မားလာစေနိုင်သည်။

အိုဇုန်းလွှာတွင် အိုဇုန်းဓာတ် ပါဝင်မှုမြင့်မားသည်။ နေမှထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်၏ ၉၃ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ အိုဇုန်းလွှာက စုပ်ယူထားသည်။ ရာသီဉတုနှင့် ပထဝီဝင်အလိုက် အိုဇုန်းလွှာအထူအပါး ဖြစ်ပေါ်လေ့ရှိသည်။ အိုဇုန်းလွှာအထက်ပိုင်းရှိ စထရာတိုစဖီးယားအလွှာအတွင်း ကလိုရိုဖလူယိုရိုကာဗွန်ကဲ့သို့သော စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းများ စုဝေးလာမှုကြောင့် အိုဇုန်းလွှာထိခိုက်ရခြင်း ဖြစ်သည်။ ကလိုရင်း၊ ဘရိုမင်းနှင့် ရေခဲပုံဆောင်ခဲများ အိုဇုန်းဓာတ်နှင့်အတူ ဓာတ်ပြုရာမှ အိုဇုန်းဓာတ်ကို အလွန်လျင်မြန်စွာ ဖျက်ဆီးပစ်ခြင်းကြောင့် အိုဇုန်းလွှာ ဟောင်းလောင်းပေါက်များ ဖြစ်ပေါ်စေသည်။ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အန္တာတိကတိုက်၌ အိုဇုန်းလွှာ ပေါက်လေ့ရှိသည်။ အရွယ်အစားမှာ စတုရန်းမိုင် ၁၀ဒသမ၅သန်းခန့် ရှိသည်။ မြောက်အမေရိကတိုက်ထက် ပိုမိုကြီးမားသည်။ ထို့ကြောင့် အိုဇုန်းလွှာပြုန်းတီးစေနိုင်သော အာနိသင်များပါရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၀ ခန့် ထုတ်လုပ်မှုနှင့်သုံးစွဲမှုတို့ကို တစ်ဆင့်စီလျှော့ချဖျက်သိမ်းရန် လိုအပ်သည်။

လူတို့ရှူရှိုက်နေသောလေတွင် ဖုန်များ၊ မီးခိုးများ၊ ဓာတ်ငွေ့များနှင့် ရောဂါပိုးများ ကင်းစင်ဖို့လိုသည်။ သက်ရှိသတ္တဝါအားလုံးနှင့် အပင်တို့အတွက် သန့်ရှင်းသော လေကောင်းလေသန့်လိုသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များတွင် အင်ဂျင်စက်များအသုံးပြုခြင်း၊ လျှပ်စစ်ဓာတ်အားနှင့် အပူစွမ်းအင်ထုတ်ခြင်း၊ စက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အမှိုက်များ မီးရှို့ခြင်း၊ ရေနံ၊ ကျောက်မီးသွေး၊ ထင်းနှင့် မီးသွေးတို့ကို မီးရှို့ရာမှ လေထုတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များ၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်များ ရောက်ရှိလာသည်။ မော်တော်ကားများ၊ ထရပ်ကားများက ကာဗွန်မိုနောက်ဆိုဒ်ဓာတ်များ ထုတ်လွှတ်နေခြင်း၊ ဂျက်လေယာဉ် သွားလာခြင်းတို့ကြောင့်လည်း လေထုညစ်ညမ်းရသည်။

လေထုတွင်းသို့ ရောက်ရှိလာသည့် မီးခိုးနှင့် ရေခိုးရေငွေ့များ ပူးပေါင်းပြီး Smog ခေါ် မီးခိုးမြူကို ဖြစ်ပေါ်စေသည်။ မီးခိုးမြူသည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ မသန့်ရှင်းသော ညစ်ညမ်းသည့်လေကို ရှူရှိုက်ရသဖြင့် လူအချို့အား သေဆုံးသည်အထိ ထိခိုက်စေသည်။ လေထုတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များ တိုးလာခြင်းကြောင့် ကမ္ဘာ့အပူချိန်ကို တိုးစေသည်။ ကမ္ဘာ့အပူချိန် တစ်ဒီဂရီတိုးရုံဖြင့် သစ်တောများ၊ မြက်ခင်းပြင်များနှင့် ကန္တာရများတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေသည်။

လေထုတွင်း အိုဇုန်းဓာတ်ငွေ့နှင့်ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်တို့ ပေါင်းစပ်မှုကြောင့် လေထုညစ်ညမ်းကာ အပင်များကိုသေကျေ ပျက်စီးစေသည်။ အိုဇုန်းလွှာကို ပါးစေ၊ ပေါက်စေသည်။ ခရမ်းလွန်ရောင်ခြည်သင့်ပြီး ကောက်ပဲသီးနှံများ၊ စိုက်ခင်းများ၊ အပင်ငယ်များကို ပျက်စီးစေသည်။ လူတို့ကို ရောဂါတိုးပွားစေသည်။

မြို့များက မြေအောက်သို့ အညစ်အကြေးစွန့်ပစ်သဖြင့် မြေအောက်ရေ ညစ်ညမ်းစေသည်။ ထိုမှမြေပေါ်ရေသို့ အညစ်အကြေးများစိမ့်ဝင်ပြီး ရေထုကို ညစ်ညမ်းစေပြန်သည်။ အမှိုက်သရိုက်များ စွန့်ပစ်ခြင်း၊ စက်မှုရေဆိုးများ စွန့်ပစ်ခြင်းတို့ကြောင့် ရေထုကိုညစ်ညမ်းစေသည်။ စက်မှုရေဆိုးများကြောင့် မြစ်အတွင်းမှ ရေထုညစ်ညမ်းကာ ရေနေသတ္တဝါငယ်များ သေဆုံးနိုင်သည်။ ငါးများအတွက် အစာရှားပါးမှုကို ဖြစ်စေသည်။ စက်ရုံများမှ ဓာတုပစ္စည်း အညစ်အကြေးများ၊ ဆိုးဆေးများ၊ အာဆင်းနစ်အက်စစ်များ၊ ဓာတ်ဆေးရည်များကြောင့် ရေထုကို ပိုမို ညစ်ညမ်းစေသည်။

ရေသည် လူတို့အတွက် မရှိမဖြစ်လိုအပ်သည်။ သန့်ရှင်းသော ရေရှိမှသာ လျှင် သက်ရှိဇီဝရုပ်များ အသက်ရှင်နိုင်သည်။ သောက်သုံးရန်နှင့် စိုက်ပျိုးရန် တို့အတွက် ရေမှာမရှိမဖြစ် လိုအပ်သည်။ ကမ္ဘာ့ပြည်သူ သန်း ၁၂၀၀(၁၈ ရာခိုင်နှုန်း)ခန့်သည် ရေကောင်းရေသန့်မရရှိဟု ကမ္ဘာ့ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ရေမသန့်ခြင်းကြောင့် ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ဝမ်းကိုက်ရောဂါအမျိုးမျိုးကို လူတို့ခံစားရရှိစေသည်။ ရေကောင်းရေသန့်ရှားပါးလာခြင်း၊ လူဦးရေတိုးလာခြင်း၊ စက်မှုရပ်ဝန်းနှင့် စိုက်ပျိုးမြေတိုးချဲ့လာခြင်းတို့ကြောင့် ရေအရင်းအမြစ် ထိန်းသိမ်းရေးမှာ အလွန်အရေးပါလာပြီး ကမ္ဘာ့ထိပ်တန်းပြဿနာ ဖြစ်လာသည်။ ကမ္ဘာ့ရေအရင်းအမြစ်၏ ၂ဒသမ၅ရာခိုင်နှုန်းသာ သဘာဝရေချိုဖြစ်ရာ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ ရေအတွက် ရတက်မအေးရသော စိန်ခေါ်မှုကြီးနှင့် ရင်ဆိုင်နေရသည်။

သန်းထွန်းညို

စက်မှုလုပ်ငန်းများ အဆမတန်ကြီးထွားလာခြင်း၊ ဓာတုဗေဒပစ္စည်းများ လွန်ကဲစွာသုံးစွဲလာခြင်းတို့ကြောင့် မြေဆီလွှာညစ်ညမ်းမှု ဖြစ်ပေါ်စေသည်။ မြေဆီလွှာညစ်ညမ်းမှုသည် ရေထုညစ်ညမ်းမှုကို ဆက်စပ်ဖြစ်ပေါ်စေပြီး လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်။ ပိုးသတ်ဆေးများသုံးစွဲခြင်း၊ မြေအောက်ရေသိုလှောင်ကန်များပေါက်ခြင်း၊ ရေနံနှင့် လောင်စာဆီ အညစ်အကြေးများ စုပုံစွန့်ပစ်ခြင်း၊ စက်မှုစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းစသော လူ့ပယောဂကြောင့် မြေဆီလွှာညစ်ညမ်းစေသည့်ပြင် မိုးရေတိုက်စားခြင်း၊ လေပြင်းထန်စွာတိုက်ခတ်ခြင်းတို့ကြောင့်လည်း သဘာဝအားဖြင့် မြေဆီလွှာပျက်စီး ပြုန်းတီးနေသည်။

လေထုတွင်းရှိ အောက်ဆိုဒ်ဓာတ်များ၊ အခြားဒြပ်မှုန်များ၊ ရေခိုးရေငွေ့များ ပေါင်းဖွဲ့ရာမှ အက်စစ်မိုးရွာလေ့ရှိသည်။ အက်စစ်မိုးသည် သောက်သုံးရေကို ညစ်ညမ်းစေပြီး သစ်ပင်များ၊ ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ပျက်စီးစေသည်။ လူ့ပယောဂကြောင့် လေထုတွင်း ဆာလ်ဖာနှင့် နိုက်ထရိုဂျင်ဒြပ်ပေါင်းများစုဝေးကာ အက်စစ်ကိုဖြစ်ပေါ်စေသည်။ အက်စစ်မိုးသည် သစ်တောများ ရှင်သန်မှုကိုနှေးကွေးစေပြီး မြေဆီလွှာကို ပျက်စီးစေသည်။

အခြားညစ်ညမ်းမှုတစ်ခုမှာ အသံဗလံ ညစ်ညမ်းမှုဖြစ်သည်။ ယင်းသည် လူတို့၏ ကျန်းမာရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်မှုကို အနည်းနှင့်အများ ထိခိုက်စေသည်။ လူလုပ်အသံဗလံများသည် နေ့စဉ်ထွက်ပေါ်နေသည်။ ဆူညံသံများကြောင့် အိပ်မပျော်ခြင်း၊ သောတအာရုံပျက်စီးခြင်း၊ နားနာကျင်မှု၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ရင်ပူနာဖြစ်ခြင်း၊ အစာမကြေခြင်း၊ သွေးတိုးနှင့် နှလုံးရောဂါဖြစ်ခြင်းတို့ကို ရရှိခံစားစေသည်။

စက်ရုံအလုပ်ရုံများ၊ ရုံးသုံးစက်ကိရိယာများ၊ လျှပ်စစ်ဓာတ်အားသုံး စက်ကိရိယာများ၊ ကားဟွန်းသံ၊ ကားစက်သံ၊ မီးရထား ခုတ်မောင်းသံ၊ မီးရထားဥသြသံ၊ လေယာဉ်ပျံသံ၊ ညကပွဲရုံနှင့် ကာရာအိုကေရုံများမှ အသံများ၊ အသံချဲ့စက်သံများ၊ အိမ်တွင်းသုံး စက်ပစ္စည်းသံများနှင့် လူအချင်းချင်း စကားများရန်ဖြစ်သံ၊ ကလေးငိုသံအထိ ဆူညံသံများတွင် ပါဝင်သည်။ ဆူညံသံများသည် လူနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

လူ၊ အပင်နှင့်တိရစ္ဆာန်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်မျှတစွာ အပြန်အလှန် ဆက်နွှယ်လျက်ရှိသည်။ ဂေဟစနစ် ကောင်းမွန်မှသာ သက်ရှိတို့၏ သတ္တလောကကြီး မျိုးဆက်မပြတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲမည် ဖြစ်သည်။ သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့ အညမညဆက်နွှယ်နေသည်ကိုလေ့လာသည့် ဂေဟဗေဒ(ecology)သည် အလွန်အရေးပါလာသည်။ အိမ်ဂေဟာကိုမှီ၍ လူတို့အသက်ရှင်ရပ်တည်ရသကဲ့သို့ သက်ရှိအားလုံးသည် ဂေဟစနစ်ကို မှီခိုကြရသည်။

လူ့ပယောဂကြောင့် ဂေဟစနစ်များ ပျက်စီးပြုန်းတီးခြင်း၊ မျိုးသုဉ်းခြင်း မရှိရအောင် ထိန်းသိမ်းစောင့်ရှောက်မှသာ သတ္တလောကကြီးတစ်ခုလုံးအသက်ရှင်ရပ်တည်နိုင်မည်ဖြစ်သည်။ သာယာစိုပြည်သော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးကြရမည်ဖြစ်သည်။

ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်ခြင်း၊ အိုဇုန်းလွှာပေါက်ခြင်း၊ အာကာသသို့ ကမ္ဘာ့အပူချိန်များ မပျံ့တက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပြုန်းတီးလာခြင်းတို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေပြီး ကမ္ဘာ့ရာသီဉတုများပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုသည် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ အပင်နှင့်သတ္တဝါများ၏ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ကွယ်လာမှုတို့ကြောင့် ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဉတုပြောင်းလဲခြင်းတို့ကြောင့် ဆိုးရွားသော သဘာဝဘေးဒဏ်များကို အလွန်များပြားစွာ ခံစားလာရသည်။ အပူချိန်မြင့်တက်ခြင်းကြောင့် အပူလှိုင်းကျရောက်ခြင်း၊ အအေးလှိုင်းကျရောက်ခြင်းများ ဖြစ်ပေါ်ကာ သက်ကြီးရွယ်အိုနှင့် ကလေးများ သေဆုံးကြရသည်။ အပူဒဏ်ခံနိုင်သော ရောဂါပိုးမွှားကောင်များ ပိုမိုအသက်ရှည်လာပြီး ရောဂါအသစ်အဆန်းမျိုးစုံကို လူတို့ခံစားကြရသည်။ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေဘေးဒဏ်ခံရခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းစသည့် သဘာဝလေဒဏ်များ ပိုမိုဖြစ်ပွားလာသဖြင့် သိန်းသန်းချီ၍ လူတို့သေကျေကြရသည်။ ဒုက္ခတွေ့ကြုံကြရသည်။ ရောဂါဘယ ထူပြောကြရသည်။ ပစ္စည်းပစ္စယနှင့် လုပ်ငန်းခွင်များ အနမတဂ္ဂပျက်စီးဆုံးရှုံးကြရသည်။ ထိုသို့ဖြစ်ရခြင်းတွင် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာရသော အကြောင်းရင်းများရှိရာ လူသားတို့အကျိုးစီးပွားအတွက် ထိုအကြောင်းရင်းများကို လျှော့ချပြီး သဘာဝဘေးဒဏ်များကျရောက်မှု၊ ရောဂါဘယထူပြောမှုတို့ကို လျော့နည်းပပျောက်အောင် ကြိုးပမ်းရမည်ဖြစ်သည်။

ဖန်လုံအိမ် အာနိသင်ရှိဓာတ်များ ထုတ်လွှတ်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေး၊ ဂေဟစနစ် ကောင်းမွန်ရေးတို့အတွက် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုနှင့် မြေဆီလွှာညစ်ညမ်းမှု၊ အသံဗလံညစ်ညမ်းမှု၊ အက်စစ်မိုးရွာမှုတို့ကို လျော့နည်းပပျောက်အောင် လူသားအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရမည်။ မြေဆီလွှာပြုန်းတီးခြင်းနှင့် ရာသီဉတု ဆိုးရွားပြင်းထန်ခြင်းတို့ကိုကာကွယ်ရန် သဘာဝသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အသစ်စိုက်ပျိုးပြုစုခြင်းများ ပြုလုပ်ကြရမည် ဖြစ်သည်။ မုန်တိုင်းနှင့် ရေဘေးတို့မှကျရောက်မည့် အသက်အန္တရာယ်လုံခြုံရေးအတွက် သဘာဝဒီရေတောများ ကာကွယ်စောင့်ရှောက်ခြင်း၊ အသစ်ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

လူ့ပယောဂကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဉတုပြောင်းလဲလာမှု၊ ရောဂါဘယထူပြောလာမှု၊ ငတ်မွတ်ခေါင်းပါးလာမှုတို့ကို တစ်စတစ်စ လျော့ပါးပပျောက်စေမည်ဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စသည့် အဖွဲ့အစည်းအသီးသီးသည် ဒေသအလိုက်၊ နိုင်ငံအလိုက် အစီအစဉ်များ ချမှတ်လုပ်ဆောင်နေပြီဖြစ်သည်။

ကမ္ဘာ့ရွာကြီးတွင် အတူတကွနေထိုင်လျက်ရှိကြသော လူသား အားလုံးသည် ကမ္ဘာမြေကယ်တင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ရန် တာဝန်ရှိကြလေသည်။ သားရွှေအိုးထမ်းလာသည်ကို မြင်ရသည့် ဥပမာကဲ့သို့ အဘက်ဘက်က ကောင်းကျိုးချမ်းသာများ ဆောင်ကြဉ်းပေးမည့် ဤလုပ်ငန်းများကို ကျရာကဏ္ဍမှ လူတိုင်းပါဝင်ကြပါရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

လူ့ပယောဂကြောင့် ဂေဟစနစ်များ ပျက်စီးပြုန်းတီးခြင်း၊ မျိုးသုဉ်းခြင်း မရှိရအောင် ထိန်းသိမ်းစောင့်ရှောက်မှသာ သတ္တလောကကြီး တစ်ခုလုံးအသက်ရှင် ရပ်တည်နိုင်မည်ဖြစ်။ သာယာစိုပြည်သော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးကြရမည်ဖြစ်။

မော်ဘီ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

အထက(၂)မော်ဘီ(ယခင်တပ်မတော်ကျောင်း)တွင် ၁၉၆၆-၁၉၆၇ခုနှစ်မှ ၁၉၇၄-၁၉၇၅ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြဆရာ ဆရာမကြီးများနှင့် ၁၉၇၅-၁၉၇၆ခုနှစ်မှ ၁၉၇၉-၁၉၈၀ ခုနှစ်အတွင်း အထက်တန်းပြအဖြစ် ပညာသင်ကြားပို့ချခဲ့ကြသော ဆရာ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါ ကျောင်းရှိ မေတ္တာရောင်ခြည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အဆိုပါနှစ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဆက်သွယ် လှူဒါန်းလိုပါက ဦးလှထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန) ဖုန်း-၀၆၇-၄၀၉၀၅၃(ရုံး)၊ ၀၆၇-၄၀၃၅၂၃(အိမ်)၊ ဒေါက်တာစောကလယ်ခူ ဖုန်း-၀၉-၅၁-၆၅၈၁၄၊ ၆၉၉၁၄၅၊ ဦးမြသန်းထိုက် ဖုန်း-၀၉-၅၀-၀၁၀၂၆၊ ဦးကြီးမြင့် ဖုန်း-၆၂၁၀၂၁၊ ၀၉-၈၀-၂၄၄၈၉၊ ဒေါ်ခင်မြတ်မူ၊ ဒေါ်ခင်မြတ်သူ၊ ဒေါ်စုစုထွေး ဖုန်း-၆၆၁၉၀၃၊ ဒေါ်စန်းယုမေ ဖုန်း-၆၂၀၀၉၃၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း) ဖုန်း-၀၉-၅၁-၆၂၈၇၂၊ ဒေါက်တာသီဟကျော် ဖုန်း-၀၉-၅၁-၅၃၆၈၇၊ ဒေါ်အေးအေးစိုး ဖုန်း-၆၂၀၈၈၁၊ ဦးကာကျော် ဖုန်း-၀၉-၈၅-၀၀၀၅၉ နှင့် ဦးကျော်မင်း ဖုန်း-၆၂၀၅၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်း ဥပဒေရုံးများ

ရှေ့နေချုပ် ဦးအေးမောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

ရှေ့နေချုပ်ဦးအေးမောင်သည် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ တာဝန်ခံဥပဒေအရာရှိများအားလည်းကောင်း၊ ညနေပိုင်းတွင် မူဆယ်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ တာဝန်ခံဥပဒေအရာရှိများအားလည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေ့နေချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် မူဆယ်ခရိုင်ဥပဒေရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥပဒေရုံး၊ လားရှိုးခရိုင် ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးတို့မှ တာဝန်ခံဥပဒေအရာရှိများအားလည်းကောင်း၊**(အပေါ်ပုံ)** ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)၊ မန္တလေးတိုင်းဥပဒေရုံး၊ မန္တလေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီး ဥပဒေရုံးအသီးသီး၏ ရုံးလုပ်ငန်းနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၄)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

ယခုတစ်ပတ် သတင်းဂျာနယ်တွင် သီးနှံသမားများအတွက် သီးနှံအခြောက်ခံစက်၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် ထပ်မံကုန်သွယ်ခွင့်ပြုသည့် အမိန့်ကြေညာချက်ထုတ်ပြန်၊ ရေထွက်ကုန် ကန်ဒေါ်လာ နှစ်သိန်းကျော်ဖိုးတင်ပို့နိုင်ခဲ့တဲ့ မောင်တောနယ်စပ်၊ ကမ္ဘာ့အကြီးဆုံး ပိုတက်ဓာတ်မြေဩဇာ ထုတ်လုပ်မှုစီမံချက် တရုတ်နိုင်ငံတွင် စတင်လည်ပတ်ပြီ၊ ထိုင်းအစိုးရက စီးပွားရေးစွမ်းအားမြှင့် အစီအစဉ်အတွက် ရှစ်ဆယ် ရာခိုင်နှုန်းပိုမိုသုံးစွဲမည်၊ ထိုင်း၊ မြန်မာနဲ့ အိန္ဒိယတို့မှ ဆန်တင်သွင်းမယ့် သီရိလင်္ကာနိုင်ငံ၊ ပြည်တွင်း၊ ပြည်ပ သတင်းများနှင့်အတူ၊ ရေသန့်ကို ခြေဆန့်ကြည့်သော်၊ လယ်သမားတို့ မိုးဆောင်းနွေ၊ဥရုက အစ မြင်မြင်သမျှ အကုန်လှ၊ ပြင်သင့်သော ဓလေ့စရိုက်လေးတွေ၊ မြန်မာနိုင်ငံဒေသအချို့တွင် လှုပ်ခဲ့သောငလျင်များ၊ သဘောတွေ့မယ့် အသောအထွေ စသည့် သုတ၊ ရသဆောင်းပါးများ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ဆက်သွယ်ရန်

အဆိုပါ သတင်းဂျာနယ်ရနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၀၉

(သောကြာနေ့)

AM & PM			
၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၇:၀၅-၁:၀၅	ပွင့်ဖြူဆရာတော် ဘဒ္ဒန္တ ဣသရိယဟောကြားတော်မူသော တရားတော်	၉:၅၀-၃:၅၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၈:၀၅-၂:၀၅	Activities in the City အထက(၂)မင်္ဂလာဒုံ (အောင်ဆန်းသူရိယ လှသောင်းကျောင်း မြတ်ဆရာပူဇော်ပွဲ)	၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၈:၂၅-၂:၂၅	တေးဂီတအစီအစဉ်	၁၀:၂၀-၄:၂၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၈:၃၀-၂:၃၀	VJ Choice	၁၀:၃၅-၄:၃၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ ဒိန်ချဉ်ပြုလုပ်နည်း
၈:၄၅-၂:၄၅	သစ်သီးဝလံပေါပြည့် ဝေဆာ တို့မြေမှာ နှင်းသီး	၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်	၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁:၀၀-၅:၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၉:၂၅-၃:၂၅	Art Vision (မြန်မာပြည် ပန်းချီအသင်းကြီး၏နှစ်၉၀ပြည့်ပန်းချီပြပွဲ)	၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်း အကျဉ်း	၁၁:၂၅-၅:၂၅	စွမ်းအားစက်မှု အရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
		၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
		၁၁:၅၅-၅:၅၅	Yangon Panorama (ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ)
		၁၂:၁၅-၆:၁၅	ဂိုညင်းတန်းတံတား
		၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
		၁၂:၂၅-၆:၂၅	Hotel Guide (Dusit Inya Lake Resort)
		၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

Alpine Music Tour 2009 စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

Loi Hein Co., Ltd. နှင့် Iron Cross Music Entertainment တို့က စီစဉ်တင်ဆက်မည့် Alpine Music Tour 2009 အကြောင်း စာနယ်ဇင်းများသို့ ရှင်းလင်းအသိပေးသည့် အခမ်းအနားကို ဒီဇင်ဘာ၁၂ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ကုန်သည်ကြီး များဟိုတယ်၌ကျင်းပရာ Loi Hein ကုမ္ပဏီမှ တာဝန်ရှိသူများ၊ Iron Cross Music Entertainment နှင့် Iron Cross တေးဂီတအဖွဲ့မှ အဖွဲ့ဝင်များ၊ ပါဝင်သီဆိုကြမည့် တေးသံရှင် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့နှင့် ဖိတ်ကြားထားသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Loi Hein Co., Ltd. ၏ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း **(အောက်ယာပုံ)**က Alpine Music Tour 2009 ကို နိုင်ငံအနှံ့မှ တေးဂီတမြတ်နိုးသူ ပရိသတ်များအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ ဂီတပွဲတော်များ ဆင်နွှဲနိုင်ကြစေရန် အမြဲတမ်း အကောင်းဆုံးများကို စီစဉ်ထုတ်လုပ်ပေးသည့် Loi Hein Co., Ltd ၏ အစဉ်အလာအတိုင်း တင်ဆက်ထားကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် Iron Cross Music Entertainment မှ တာဝန်ရှိသူ ဒေါက်တာကိုကိုလွင်က Alpine Music Tour 2009 အတွက် အထူးခြားဆုံး ပြင်ဆင်ထားသည့် Iron Cross ၏ အစီအစဉ်များကို ဆက်လက်ရှင်းလင်းတင်ပြကာ တေးသံရှင်လေးဖြူနှင့် Iron Cross တေးဂီတအဖွဲ့တို့က ၎င်းတို့ တင်ဆက်ဖျော်ဖြေမည့်ပုံစံများကို ရှင်းလင်းပြောကြားကြသည်။

ကျင်းပသွားမည်

Alpine Music Tour 2009 တေးဂီတဖျော်ဖြေပွဲများကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ ပုသိမ်၊ဘားအံ၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဖားကန့်၊ မကွေး၊ မော်လမြိုင်၊ မိုးကုတ်၊ မြင်းခြံနှင့် ထားဝယ်စသည့် မြေပြန့် တောင်ပေါ် ပင်လယ်ကမ်းခြေမြို့ကြီးများအနှံ့ တင်ဆက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ထိုင်း၌လေ့လာခဲ့

ရန်ကုန် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံ၏ ဖိတ်ကြားချက်အရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်ပြီး အာဆီယံနှင့် ကုလသမဂ္ဂ အဖွဲ့ဝင်များပါဝင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် နိုင်ငံများသို့ သွားရောက်လေ့လာ အတွေ့အကြုံဖလှယ်မှု အစီအစဉ်အရ ဇန်နဝါရီ ၆ရက်မှ ၁၂ရက်အထိ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာခဲ့သည်။

လိုက်ပါခဲ့

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အာဆီယံကိုယ်စားလှယ်ဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်ဆန်းဘွန်နတ်၊ ကုလသမဂ္ဂကိုယ်စားလှယ်များဖြစ်ကြသည့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် မစ္စတာဘီရှိုးပါရာဂျူလီနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ မစ္စတာ သီအိုရီဒယ်ဘရီတို့ လိုက်ပါခဲ့ကြသည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၇ရက်တွင် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သက်ရောက်မှု လျော့ပါးရေးဦးစီးဌာနမှ Director-General Mr.Anucha Mokkhavesa နှင့် တွေ့ဆုံခဲ့ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သက်ရောက်မှု လျော့ပါးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ၌ ဆူနာမီ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့စဉ်က အတွေ့အကြုံများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ ၂၀၀၈ခုနှစ် မေ၂ရက်နှင့် ၃ရက်တို့တွင် နာဂစ်မုန်တိုင်း ကျရောက်စဉ်က ခံစားခဲ့ရသည့် အတွေ့အကြုံ၊ နာဂစ်ဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူက ရှင်းလင်းဆွေးနွေးခဲ့သည်။ အာဆီယံနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်များကလည်း အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင် ဆောင်ရွက်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

သွားရောက်လေ့လာ

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ အာရှဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိုတင်ကာကွယ်ရေး ဗဟိုဌာနသို့ သွားရောက်လေ့လာခဲ့ကြပြီး **(အပေါ်ပုံ)** မွန်းလွဲပိုင်းတွင် ပရာသွန် ဌာနီပြည်နယ် အာရှနည်းပညာ တက္ကသိုလ်ရှိဒေသတွင်းအန္တရာယ်ကျရောက်မှု ဆောလျင်စွာကြိုတင်သတိပေး ကာကွယ်ရေး ဗဟိုဌာနသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ဖူးခက် ပြည်နယ်သို့ရောက်ရှိရာ ဖူးခက် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက ဖူးခက်မြို့၌ဆူနာမီ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် အတွေ့အကြုံများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဖူးခက်ဒေသရှိ ဆူနာမီဘေးဒဏ်ခံခဲ့ရသည့် ဒေသသို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။ ဇန်နဝါရီ ၁၀ရက်တွင် ဖန်းငပြည်နယ်သို့ ရောက်ရှိပြီး ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံ၍ ဆူနာမီဘေးဒဏ်ခံခဲ့ရသည့်ဒေသသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူအား ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kasit Piromya က ဗန်ကောက်မြို့ Plaza Athenee Hotel သို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် နန်သာဘူရီပြည်နယ်ရှိ Ministry of Communication and Technology, National Disaster Warning Center (NDWC)သို့ သွားရောက်လေ့လာကြရာ NDWC မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားသည်များကို ရှင်းလင်းပြောကြားကြသည်။

အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် H.E. Mr. Virasakdi Futrakulu Intercontinental Hotel၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် ထိုင်းနိုင်ငံသဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် သယံဇာတရေးရာဝန်ကြီး H.E. Dr. Suwit Khunkitti အား ဝန်ကြီးရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံဂါရဝပြုပြီး သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအမံတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၂ရက်ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြား၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

တိုင်းမှူးနှင့်အဖွဲ့သည် နံနက်၉နာရီတွင် ထန်းတပင်မြို့နယ် ပေါက်တန်းကျေးရွာတောင်သူ ဦးဘစီ၏နေအိမ်၌ တပ်ဆင်ထားသော သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးဖြင့် ထမင်းပေါင်းအိုးနှင့် ဓာတ်ငွေ့မီးဖိုအသုံးပြု၍ ချက်ပြုတ်ခြင်းနှင့် ဝပ်ဖဝရိုဓာတ်ငွေ့သုံး မီးလုံးအသုံးပြုမှုတို့ကို ကြည့်ရှုအားပေး၍ ဒေသခံတောင်သူများအား ဇီဝဓာတ်ငွေ့၏ ဘက်စုံလက်တွေ့ အသုံးဝင်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေတိုးနှင့် တာဝန်ရှိသူများက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ သန့်ရှင်းသာယာလှပရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြား၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေးစကားပြော

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြို့နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည်အမှတ်(၄)ရပ်ကွက် ကျွန်းငူဆိပ်ကမ်း ကမ်းထိန်းနံရံ ဆောင်ရွက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စစ်ဆေး

ထိုမှတစ်ဆင့် ကျွန်းငူ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဧက ၆၀၀သို့ ရောက်ရှိရာ တာဝန်ရှိသူများက နွေစပါးဧက ၁၅၀ စိုက်ပျိုးရေပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် မြောင်းအတွင်း ရေပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကိုကြီးရေထိန်းတံခါးသို့ သွားရောက်ကာ နွေစပါး ရေပေးဝေနိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက် တောင်သူ ဦးကျော်ဇင်ထက်၏ နွေစပါး ငါးဧက စိုက်ခင်းအတွင်း လက်တွန်းထွန်စက်များနှင့် မျိုးစေ့ချ ကိရိယာတို့ဖြင့် စပေါင်းထွန်ယက် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

(၁၉၉၄-၂၀၀၈) ပညာသင်နှစ်အတွင်း ရန်ကုန်သမဝါယမဒီဂရီကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမများအား ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်သမဝါယမဒီဂရီကောလိပ်၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးနေမင်းအေး ဖုန်း-၀၉-၅၀-၆၂၅၄နှင့် ဦးဖေယျာမင်းဆွေ ဖုန်း-၀၅၆-၂၁၆၃၃တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ငွေလွှဲပို့လိုပါက မြန်မာ့စီးပွားရေးဘဏ် သန်လျင်မြို့ ဒေါ်သင်းသင်းယု ၈/ခမန(နိုင်)၁၁၁၄၈၃သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Software Engineer ဖြစ်လိုသူများအတွက် Diploma in Software Engineering သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

Myanmar Professionals Education Centre က ဖွင့်လှစ်သော မလေးရှားနိုင်ငံ Cambridge ICT အသိအမှတ်ပြု CICT Diploma in Software Engineering သင်တန်းကို ဇန်နဝါရီ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

IT Industry တွင် Software Engineer တစ်ဦးအဖြစ် လုပ်ကိုင်လိုသူများအတွက် တက်ရောက်သင့်သော Diploma သင်တန်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက လက်တွေ့လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ဖွင့်လှစ်သော Diploma သင်တန်းဖြစ်သည်။ သင်တန်းတွင် Software Engineering နှင့် သက်ဆိုင်သော အဓိကဘာသာရပ်ခြောက်ခုနှင့် လက်တွေ့ လုပ်ငန်းခွင် အသုံးချ Project တစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်သည်။

စနစ်တကျလေ့ကျင့်

Diploma in Software Engineering သင်တန်းကို Myanmar Information Technology Pte Ltd. မှ Technical Director ဦးဇော်မိုးထွန်းနှင့် MIT မှ လုပ်သက်ခုနစ်နှစ်နှင့် အထက်ရှိသူများက ဦးစီးသင်ကြားပေးမည် ဖြစ်ပြီး သင်ကြားမှု အတွေ့အကြုံသာမကလုပ်ငန်းခွင်အတွေ့အကြုံ ရင့်ကျက်သော ဆရာ ဆရာမများက စနစ်တကျလေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ ထို့အပြင် Myanmar Information Technology (MIT)မှ Software ရေးသားမှု အတွေ့အကြုံရှိသူများကပါ ထပ်မံ၍ လုပ်ငန်းခွင်အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

သင်တန်းကာလ ကိုးလကြာမြင့်မည်ဖြစ်ပြီး အချိန်တိုအတွင်း သင့်တင့်သောဈေးနှုန်းဖြင့် နိုင်ငံတကာအဆင့်မီ Diploma တစ်ခုကို ရယူပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ Diploma လက်မှတ်ရရှိထားသူများအနေဖြင့် IT Industry သို့ တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်သကဲ့သို့ ပညာဆက်လက်သင်ကြားလိုသူများအနေဖြင့်လည်း Overseas တွင် ITနှင့်စပ်လျဉ်းသော Bachelor Degree များအထိ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သည့် အရည်အချင်းပြည့်ဝသော Software Engineer တစ်ဦးအဖြစ် မွေးထုတ်ပေးနိုင်သော တစ်ခုတည်းသော သင်တန်းဖြစ်သည့် ဖော်ပြပါ Diploma in Software Engineering သင်တန်းကို တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများမှ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ Computerအခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC)၊ အမှတ်၁၁၂၊ အခန်း၁၁၊ ၁၂၊ ၈မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

EAGLE EYE နိုင်ငံခြားဇာတ်ကားသစ်ရုံဝင်လာ ငယ်သူမို့မသိပါ ရုံသုံးရုံတွင် ဆက်လက်ပြသနေ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၁၅

ယခုသောကြာပတ်တွင် ဒါရိုက်တာ D.J.Caruso ရိုက်ကူးပြီး ShiaLa Beouf နှင့် Michelle Monaghan တို့ပါဝင်ထားသည့် အက်ရှင်ဒရာမာဇာတ်ကား Eagle Eye မှာနေပြည်တော်ရုံတွင် ရုံဝင်လာသည်။

Eagle Eye

ဇာတ်ကားမှာ အကြမ်းဖက်သမားနှင့် အမေရိကန် ထောက်လှမ်းရေးဇာတ်လမ်းဖြစ်သည်။ အမေရိကန်သမ္မတကို လုပ်ကြံရန် ထိပ်တန်းလျှို့ဝှက်စုပါကွန်ပျူတာ အာရီယာက ပင်တဂွန်မှ ဂျယ်ရီ၏ အမြွှာညီအစ်ကို အီသန်ကို သတ်ပစ်လိုက်ပြီး တက္ကသိုလ်ကျောင်းသားဟောင်း ဂျယ်ရီကို လူစားထိုးလိုက်သည်။ ဂျယ်ရီကို အီသန်အယောင်ဆောင်စေပြီး ပင်တဂွန်ဌာနချုပ်သို့ခေါ်ထုတ်သွားစဉ် အေးဂျင့်ပီရက်စက်က ဂျယ်ရီကို ကယ်ဆယ်ရင်း အာရီယာအား အောင်မြင်စွာ ဖျက်ဆီးလိုက်နိုင်ပုံများကို ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် စိတ်ဝင်စားဖွယ်ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

ငယ်သူမို့မသိပါ ဇာတ်ကားမှ လူမင်းနှင့်ချစ်သုဝေ။

ငယ်သူမို့မသိပါ

ဒါရိုက်တာ အိအိခိုင် ရိုက်ကူးပြီး လူမင်း၊ ချစ်သုဝေ၊ ခရစ္စတီးနား၊ အထူးဧည့်သည် သရုပ်ဆောင် စိုးမြတ်သူဇာ၊ ထွန်းထွန်းဝင်းတို့အဓိက ပါဝင်ထားသော ငယ်သူမို့မသိပါ ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဂျပန်ရုပ်ရှင်ပွဲတော်

ဂျပန်သံရုံးက ကြီးမှူးပြသသော ဂျပန်ရုပ်ရှင်ပွဲတော်ကို သမ္မတအဆင့်မြင့်ရုံတွင် ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀နှင့် ၂၁ရက်များ၌ နေ့စဉ်ညနေ ၆နာရီခွဲပွဲအဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် ဘော်ဘီဒိုးလ်၊ အက်ရှေ့ခန်းနား၊ အမီရှားပတေးတို့ခေါင်းဆောင် ပါဝင်ထားသည့် Humraaz အိန္ဒိယဇာတ်ကားရုံဝင်လာသည်။ ဘုရင့်ရုံတွင် ဂြိုဟ်သားမိတ်ဆွေအမည်ရ Koi Milgaya အိန္ဒိယသိပ္ပံဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရီသစ်ရိုရှန်၊ ပရီးတီးဇင်တာ၊ ရီခါးနှင့် တန်ဂျေးတို့ ပါဝင်ထားသည်။ အကယ်ဒမီငါးဆုရ ဇာတ်ကားဖြစ်သည်။

Eagle Eye ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

အကယ်ဒမီရှော့

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီးရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာတို့ ပါဝင်ထားသော အကယ်ဒမီရှော့ ဟာသဇာတ်မြူးကားမှာ မြို့လယ်ဝဇီရာ၊ ဘုရင့်နောင်၊ ရတနာပုံ၊ ရွှေဝတီရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

စက္ကူမဲ့ဓားသမား

ဒါရိုက်တာ သတိုးစောရိုက်ကူးသည့် စက္ကူမဲ့ဓားသမားနှင့် ချိုင်းထောက်ဘညိုအောင်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ နဝဒေးမဟာမြိုင်နှင့်ဝဇီရာ(၂)လှိုင်သာယာရုံများတွင် ရုံဝင်လာသည်။ မျက်မမြင်ဓားသမားတစ်ဦး၏ သိုင်းပညာစွမ်းရည်ကို ဖော်ကျူးထားသည့် ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မုဒုံမြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဒီဇင်ဘာ၂၁ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်သန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကိုင်၌ ခေတ်ရွှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံဖွင့်

စဉ့်ကိုင် ဇန်နဝါရီ ၁၅

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ခေတ်ရွှေ့ဆောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ မြို့နယ်မှူး ဒုတိယရဲမှူးစန်းဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် မြို့သစ်ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

ဆွာချောင်းတံတား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ရေတာရှည်မြို့နယ် ဆွာချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းရှိ ဆွာချောင်းတံတား၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် တောင်ငူမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး ကြေးရုပ်တုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-နေပြည်တော်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉၈) ရှိ အေးရှားဝေါလ်ကုမ္ပဏီ၏ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

စိတ်ဖိစီးမှုများသော ကိုယ်ဝန်ဆောင် အမျိုးသမီးများ နေ့စဉ်တေးဂီတသံစဉ် နာရီဝက်ခန့် နားထောင်သင့်

စိတ်ဖိစီးမှုများသော ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် နေ့စဉ်တေးဂီတသံစဉ်များ နာရီဝက်ခန့် နားထောင်ပေးခြင်းဖြင့် မွေးဖွားရာတွင် လွယ်ကူပြီး ကျန်းမာရေးကောင်းမွန်သော သားသမီးများ မွေးဖွားစေကြောင်း ဗြိတိသျှသုတေသနပညာရှင်က အကြံပြုထားသည်။

ထိခိုက်စေ

စိတ်ဖိစီးမှုများသော ကိုယ်ဝန်ဆောင် မိခင်များက မွေးဖွားသော သားသမီးများသည် ကျန်းမာရေးချို့တဲ့ပြီး မွေးဖွားရာတွင်လည်း အခက်အခဲနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စိတ်ဖိစီးမှုကြောင့် သန္ဓေသား၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း ထိခိုက်စေကြောင်း ၎င်းတို့က ပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●

ကမ္ဘာ့ပထမဆုံး နေစွမ်းအင်သုံးသင်္ဘော ခုတ်မောင်းနိုင်ပြီ

ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

တိုကျို ဇန်နဝါရီ ၁၅

နေစွမ်းအင်ကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ထုတ်ယူအသုံးပြုနေကြပြီဖြစ်ရာ နေအိမ်များ၌သာမက မော်တော်ကားများတွင်လည်း အသုံးပြုမောင်းနှင်နေကြပြီဖြစ်သည်။ ယခုအခါ နေစွမ်းအင်သုံးသင်္ဘောကို ဂျပန်နိုင်ငံတွင် အသုံးပြုနေပြီဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ■

မီးဖိုမီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
(ခ) မိသားစုဝင်အားလုံးအပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ်(Main Switch)တို့အား ချထားပြီးမှ အပြင်သို့သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ရန်။
(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့်မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

(မီးသတ်ဦးစီးဌာန)

---

၁၅ ပေခန့်မြင့်သော လှိုင်းလုံးများရိုက်ခတ် အင်ဒိုနီးရှား၌ ကုန်တင်သင်္ဘောနစ်မြုပ်ခဲ့

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဘန်ကာဘီလီတန်ပြည်နယ် ကမ်းလွန်တွင် ဇန်နဝါရီ ၁၅ ရက်က ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား ကိုးဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။(ယာပုံ)

နစ်မြုပ်

အဆိုပါသင်္ဘောသည် သင်္ဘောသား ၁၃ဦးပါရှိပြီး စားသောက်ကုန်နှင့် ဆောက်လုပ်ရေးပစ္စည်းများကိုတင်ဆောင်ကာ ဂျကာတာမြို့ ဆန်ဒါကီလာပါဆိပ်ကမ်းမှ အင်ဒိုနီးရှားနိုင်ငံ ပန်ကာဘာလမ်မြို့ ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် ၁၅ ပေခန့်မြင့်သော လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ လောလောဆယ်၌ သင်္ဘောသားလေးဦးသာ ကယ်ဆယ်နိုင်သေးကြောင်း သိရသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း



အာဖဂန်အနောက်ပိုင်းတွင် ရာသီဥတုဆိုးရွား ရဟတ်ယာဉ်တစ်စင်း တောင်နှင့်တိုက်ပြီးပျက်ကျ

ကဘူးလ် ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းက စစ်ဘက်ရဟတ်ယာဉ်တစ်စင်း တောင်တစ်တောင်နှင့် တိုက်မိပြီး ပျက်ကျခဲ့ရာ စစ်ဘက်အရာရှိတစ်ဦး အပါအဝင် ၁၃ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။

ဝင်တိုက်

ရဟတ်ယာဉ်မှာ ရာသီဥတုဆိုးရွားမှုကြောင့် တောင်နှင့်ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီး ပတ်ဝန်းကျင်ကို သဲကွဲစွာ မမြင်ရ၍ ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။